# ဥပဒေ သုတေသနအတွက် သီအိုရီနှင့် စံနှုန်းဆိုင်ရာ မူဘောင်များ၊ သီအိုရီကို လက်တွေ့ အသုံးချခြင်း

*Sanne Taekema*, Theoretical and Normative Frameworks for Legal Research: Putting Theory into Practice*

ဘာသာပြန် - ခိုင်လင်းသူ

**၁။ မိတ်ဆက်**

ဥပဒေ သဘောတရားရေးရာ ပညာရပ်သည် *အနုပညာအတွက် အနုပညာ* ဟု သတ်မှတ်၍ မရသော ပညာရပ် နယ်ပယ် တစ်ခု ဖြစ်သည်။ ဥပဒေ ပညာရှင်များက လက်ရှိ ဖြစ်ရပ်များနှင့် လတ်တလော ကိစ္စရပ်များကို ဆွေးနွေးလိုကြပြီး ၎င်းတို့၏ လေ့လာ ရေးသားချက်များကို တရားစီရင်ရေး (သို့) လွှတ်တော်တွင်း ဆွေးနွေးငြင်းခုံမှုများတွင် အသုံးပြုကြခြင်းအပေါ် အထူးဂုဏ်ယူကြသည်။ ဥပဒေ ပညာရှင်အများအပြားက အလေ့အကျင့်အသစ်များ ပေါ်ပေါက်လာခြင်းကို ကိုးကား၍လည်းကောင်း၊ ၎င်းတို့၏ ရေးသားဆွေးနွေးမှုများ ပညာရပ်အရ လျော်ညီမှု ရှိခြင်းထက် လူ့အဖွဲ့အစည်းတွင် လျော်ညီမှု ရှိခြင်းကို ပို၍ စိတ်ပါဝင်စားလာခြင်းဖြင့်လည်းကောင်း ၎င်းတို့၏ သုတေသန ခေါင်းစဉ်များကို ကျိုးကြောင်းပြ ရွေးချယ်ကြသည်။ သို့ရာတွင် ဥပဒေ သုတေသန၏ အရည်အသွေးကို သိပ္ပံပညာကဲ့သို့ ပညာရပ် ဗဟုသုတ အဆင့်မြင့်လာစေရန် အထောက်အကူပြုခြင်း ဟူသည့် ပေတံဖြင့် တိုင်းတာလျှင် သုတေသန တစ်ခုသည် ပညာရပ် နယ်ပယ်မှ ချဉ်းကပ်ပုံများနှင့် သီအိုရီများနှင့် မည်ကဲ့သို့ ဆက်စပ်သည်ကို သိရှိရန်လည်း အရေးပါသည်။

ဥပဒေ ပညာရပ်တွင် သုတေသန စီမံကိန်းတစ်ခု၌ ပညာရပ် အကြောင်းအရာများ ပါဝင်သည့် ပုံစံသည် လက်ရှိ ပြဋ္ဌာန်းထားသော ဥပဒေများကို အနှစ်ချုပ်ခြင်း၊ ဥပဒေ ပြဋ္ဌာန်းခြင်းနှင့် တရားရုံးမှ အမှုများကဲ့သို့သော မူလ အရင်းအမြစ်များကို လက်စွဲစာအုပ်များ၊ လတ်တလော ဂျာနယ် ဆောင်းပါးများအား ကိုးကား၍ ပေါင်းစပ်ခြင်း စသည့် ပုံစံများ ရှိကြသည်။ မရှင်းလင်းသည့်အချက်မှာ အဆိုပါ သုတေသန ပညာရှင်များက ၎င်းတို့၏ သုတေသန နယ်ပယ်မှ အမြင်အမျိုးမျိုးနှင့် မည်ကဲ့သို့ ဆက်စပ်သည်၊ ထိုနယ်ပယ်ထဲမှ ယခင် လုပ်ဆောင်ခဲ့သော သုတေသနများကို မည်ကဲ့သို့ အကဲဖြတ်သည် ဟူသည့် အချက်များ ဖြစ်သည်။ ဤသည်မှာ ဥပဒေ ပညာရှင်များက သုတေသန ပြုလုပ်ရာတွင် ထိုကိစ္စရပ်များကို လျစ်လျူရှုထားသည်ဟု ဆိုလိုခြင်း မဟုတ်ဘဲ ဤအချက်များကို ၎င်းတို့၏ ရေးသားချက်များတွင် မသိမသာသာ ထည့်သွင်းထားသည်ဟု ဆိုလိုခြင်း ဖြစ်သည် (Hutchinson & Duncan 2012, p. 107)။

ဥပဒေ ပညာရပ်ကို အခြားသော ပညာရပ်များနှင့် နှိုင်းယှဉ်ပါက လူမှုရေးသိပ္ပံ ဘာသာရပ်များက ယင်းကဲ့သို့သော ကိစ္စရပ်များကို ပို၍ သိသိသာသာ အာရုံစိုက်သည်။ [1] လူမှုရေးသိပ္ပံတွင် တည်ရှိပြီးသား ချဉ်းကပ်ပုံများ၊ သီအိုရီများနှင့် ဆက်စပ်ပုံကို သုတေသန စီမံကိန်း၏ သီအိုရီ မူဘောင်တွင် မကြာခဏဆိုသလို ဖော်ပြကြသည်။[2] သီအိုရီ မူဘောင်က သုတေသနအတွက် နောက်ခံနှင့် သဘောတရား အခြေခံများ ထုတ်ဖော်ပေးသည်။ ယခု အခြေအနေတွင် သီအိုရီ ဆိုသည်မှာ ပြုလုပ်ပြီးသော (လက်တွေ့) သုတေသနများကို အခြေခံထားသည့်

---

* Erasmus School of Law, Rotterdam; taekema@law.eur.nl.
© Translation Right – HRER Programme
Acknowledgments: This article is in large part the fruit of co-teaching and discussion with a number of colleagues. The Research Lab course I teach together with Ellen Hey has been an important site for development of these ideas, and I thank both Ellen Hey and all the participants over the years for their input. I also thank Wibren van der Burg and Bart van Klink for their comments.

[1] ဒဿနိက ဗေဒ၊ စာပေလေ့လာရေး ကဲ့သို့သော လူမှုရေး နယ်ပယ်မှ ပညာရပ်အများစုသည်လည်း သုတေသနအတွင်း ပညာရပ် ပါဝင်မှုအပေါ် သိပ်ထင်သာမြင်သာ မရှိလှပေ။ ဥပမာ ဒဿနိကဗေဒတွင် တွေ့ရလေ့ရှိသည့် ချဉ်းကပ်ပုံမှာ သုတေသနကို ကျယ်ပြန့်သော နယ်ပယ်အတွင်း၌ နေရာချခြင်းထက် သီအိုရီတစ်ခုကို အသုံးပြုရန် (သို့) တုံ့ပြန်ချက် ပေးရန်သာ ဖြစ်သည်။

[2] လူမှုရေးသိပ္ပံမှ သီအိုရီနှင့် သီအိုရီဆိုင်ရာ မူဘောင်များအတွက် ပြောဆိုရေးသားချက်များသည် သဘာဝ သိပ္ပံအတွက်လည်း မှန်ကန်သည်။ သဘာဝ သိပ္ပံသည်လည်း သီအိုရီနှင့် လက်တွေ့ သုတေသန ရလဒ်များအကြား ဆက်စပ်မှုကို အလေးထားသည်။ ဤဆောင်းပါးတွင် ကျွန်ုပ်အနေဖြင့် သဘာဝသိပ္ပံအကြောင်း ဆွေးနွေးသွားမည် မဟုတ်ပါ။

စနစ်တကျ၊ ရှေ့နောက်ညီအောင် လုပ်ဆောင်ထားသည့် ဗဟုသုတကို ဆိုလိုသည်။ ပြုလုပ်ပြီးသော သုတေသနများ၏ ကွက်လပ်များ၊ အငြင်းပွားဖွယ်ရာ အချက်များမှ မေးခွန်းများ မည်ကဲ့သို့ ထွက်ပေါ်လာသည်ကို ပြသခြင်းဖြင့် သီအိုရီ မူဘောင်က သုတေသန မေးခွန်းအတွက် ကျိုးကြောင်း ညီ၊ မညီ ဆုံးဖြတ်ပေးသည်။ သီအိုရီသီးသန့် သုတေသနများကို ဖယ်ထုတ်ထားလိုက်လျှင် လူမှုရေး သိပ္ပံတွင် သီအိုရီ မူဘောင်က ဖော်ပြချက် သီးသန့် မေးခွန်း (သို့) ရှင်းလင်းပြသော မေးခွန်းများအတွက် အထောက်အကူပြုပြီး လက်တွေ့ သုတေသနတွင် ဆန်းစစ်ရန် လိုအပ်သည့် ရှင်းပြချက်များ (သို့) ဖြစ်ပွားရသည့် အကြောင်းအရင်းများကို ပေါ်ထွက်လာစေသည်။

ဥပဒေ သုတေသနတွင်လည်း သီအိုရီမူဘောင်ကို ရှင်းရှင်းလင်းလင်း ဖော်ပြခြင်းက အသုံးဝင်သည် ဆိုပါက အရေးပါသည့် မေးခွန်းမှာ သီအိုရီမူဘောင်သည် လူမှုရေး သိပ္ပံ စီမံချက်များမှာကဲ့သို့ တူညီသော တာဝန်နှင့် လက္ခဏာရပ်များ ရှိသင့်ပါသလား ဟူသည့် မေးခွန်းဖြစ်သည်။ ထည့်သွင်း စဉ်းစားရမည့် အချက် တစ်ချက်မှာ ဥပဒေ သဘောတရား သုတေသန၏ အဓိက အာရုံစိုက်သည့် အချက်များမှာ ကွဲပြားခြားနားသည်။ ဥပဒေ ပညာရှင်များသည် ဖော်ပြချက် (သို့) ရှင်းလင်းချက် ဆိုင်ရာ သုတေသနများ ပြုလုပ်ရန်တွင် သီးသန့်ပုံစံ တစ်ခု ရှိသည်။ ယင်းမှာ အဓိပ္ပာယ် ပြန်ဆိုသည့် နည်းလမ်း (Van Hoecke 2011) ဖြစ်ပြီး လက်တွေ့ သုတေသနများ လုပ်ဆောင်လေ့ မရှိပေ။ ထို့ပြင် ဥပဒေ သုတေသန မေးခွန်းများသည် ဖော်ပြချက် (သို့) ရှင်းလင်းချက်များ မဟုတ်ဘဲ စံနှုန်းကို အခြေခံသည်။ မေးခွန်းများက ဥပဒေ အခြေအနေ တစ်ခုကို အကဲဖြတ်ခြင်း (သို့) ဥပဒေ ပြဿနာရပ် တစ်ခုအတွက် ဖြေရှင်းချက် ပေးခြင်းတို့ကို လုပ်ဆောင်သည်။ ဒုတိယ ပုံစံက သုတေသန မူဘောင်အတွက် ကွာခြားသည့် လက္ခဏာ တစ်ရပ်ကို ထွက်ပေါ်စေသည်။ ယင်းက ပညာရပ် နယ်ပယ်တွင် ယခင်က ပြုလုပ်ခဲ့ပြီးသော သုတေသနများနှင့် ဆက်စပ်မှုများကို ပြသခြင်း (သို့) အသုံးပြုရမည့် သဘောတရားများ ဖော်ထုတ်ခြင်းတို့သာမက အကဲဖြတ်ရန် (သို့) ဖြေရှင်းရန် အခြေခံများလည်း ဖော်ထုတ်ပေးရန် လိုအပ်သည်။ ထိုသို့သော နောက်ခံ အခြေအနေတွင် အထွေထွေ သီအိုရီ မူဘောင်တစ်ခုထက် စံနှုန်းဆိုင်ရာ မူဘောင်တစ်ခု လိုအပ်သည်။ ထိုအချက်က နောက်ထပ် မေးခွန်းတစ်ခုကို ထွက်ပေါ်လာစေသည်။ ဥပဒေ နောက်ခံ အခြေအနေတွင် သီအိုရီနှင့် စံနှုန်း မူဘောင်များအကြား ဆက်ဆံရေး အတိအကျကို ဖော်ထုတ်သတ်မှတ်ခြင်း ဖြစ်သည်။ စံနှုန်း မူဘောင် သဘောတရားသည် သီအိုရီ မူဘောင်ထက် ပို၍ ကျဉ်းမြောင်းသည်။ သီအိုရီ မူဘောင်က သုတေသန မေးခွန်း အများအပြားအတွက် အထောက်အကူပြုသော်လည်း စံနှုန်း မူဘောင်က အကဲဖြတ်ရန် လိုအပ်သည့် စံနှုန်းများကိုသာ ထုတ်ဖော်ပေးသည်။

ယခု ဆောင်းပါးတွင် ဥပဒေ သုတေသနအတွက် သီအိုရီနှင့် စံနှုန်းမူဘောင်များ၏ တာဝန်များကို လေ့လာဖော်ထုတ်ပြီး နောက်ခံ အခြေအနေကိုလိုက်၍ စုစည်းသွားပါမည်။ ဆောင်းပါး၏ ပထမပိုင်းက ထိုတာဝန်များနှင့် တိုက်ရိုက် ဆက်စပ်ပြီး အောက်ပါ မေးခွန်းကို ဖြေဆိုသွားမည်။ ဥပဒေ သုတေသနတွင် စံနှုန်း မူဘောင်များကို သီအိုရီ ဆိုင်ရာ မူဘောင်များနှင့် မည်ကဲ့သို့ ဆက်စပ်သွားမည်နည်း။ လူမှုရေး သိပ္ပံတွင် အသုံးပြုသည့် နည်းနာကို မှီငြမ်း၍ အပိုင်း (၂) တွင် သီအိုရီ မူဘောင်များ၏ အခန်းကဏ္ဍကို ရှင်းလင်းပြသွားမည်။ အပိုင်း (၃) တွင် ဥပဒေ သုတေသနက သီအိုရီမူဘောင်များ အပါအဝင် စံနှုန်း မူဘောင်များကိုပါ အသုံးပြုရသည်ကို ပြသရန် လူမှုရေးသိပ္ပံနှင့် ဥပဒေ ပညာရပ် ဆိုင်ရာ ရေးသားချက်များကို နှိုင်းယှဉ်သွားပါမည်။ အပိုင်း (၄) တွင် စံနှုန်းမူဘောင် အမျိုးမျိုးကို တင်ပြသွားမည်။ ဆောင်းပါး၏ ဒုတိယပိုင်းက သီအိုရီနှင့် စံနှုန်း မူဘောင်များဆိုင်ရာ ဆွေးနွေးချက်များ၏ နောက်ခံနှင့် ဆက်စပ်သည်။ မေးခွန်းမှာ ရှင်းလင်းပြခြင်းနှင့် စံနှုန်း ဆိုင်ရာ ဆန်းစစ်လေ့လာများအကြား ဆက်စပ်မှုကို မည်သည့် သီအိုရီဆိုင်ရာ ရှုထောင့်မှ ဆွေးနွေးနိုင်သနည်း ဟူသည့် မေးခွန်း ဖြစ်သည်။ အပိုင်း (၅) တွင် စံနှုန်းတည်ဆောက်ခြင်းနှင့် ဥပဒေပညာရပ် ရေးသားဖော်ပြမှုများအကြား ဆက်စပ်မှုများအကြောင်း ဆွေးနွေးမှု အခြေခံ မေးခွန်းများကို ရှင်းလင်းပြသွားမည်။ အပိုင်း (၆) နှင့် (၇) တို့တွင် ဖော်ပြချက်၊ ရှင်းလင်းချက် မူဘောင်နှင့် စံနှုန်း အခြေပြု မူဘောင်များအကြား ဆက်စပ်မှုကို နားလည်နိုင်ရန် လက်တွေ့ဆန်သည့် ချဉ်းကပ်ပုံမှ ဆွေးနွေးငြင်းခုံမှု တစ်ခု ပြုလုပ်သွားပါမည်။

အစပိုင်းတွင် အခေါ်အဝေါ်ပိုင်းဆိုင်ရာ မှတ်ချက်တစ်ခု ပြုလိုပါသည်။ ယခုဆောင်းပါးသည် ပြဌာန်းထားသော ဥပဒေများကို အဓိကထားသည့် ပညာရပ်ဆိုင်ရာ ဥပဒေ သုတေသနဟု နားလည် သဘောပေါက်ထားကြသော ဥပဒေ သဘောတရားရေးရာ လေ့လာသုံးသပ်ချက် တစ်ခု ဖြစ်ပါသည်။ မကြာခဏဆိုသလို ဥပဒေ သဘောတရားရေးရာ လေ့လာ သုံးသပ်ချက်ကို လူမှုရေး ဆိုင်ရာ ဥပဒေနှင့် သီအိုရီ ဆိုင်ရာ ဥပဒေ လေ့လာ သုံးသပ်ချက်များမှ ခွဲခြားထားကြသည် (Watkins & Burton 2013)။ ဥပဒေ သဘောတရားရေးရာ လေ့လာသုံးသပ်ချက်ကို 'စာလုံးမည်း' ချဉ်းကပ်ပုံဟု ညွှန်းဆိုလေ့ ရှိသည် (ဥပမာ Salter & Manson, 2007)။ သို့ရာတွင် လက်ရှိ ပညာရပ်ဆိုင်ရာ ဥပဒေ သဘောတရားရေးရာ လေ့လာသုံးသပ်ချက်သည် ဥပဒေမှ ကျယ်ပြန့်သော ချဉ်းကပ်ပုံများနှင့် ပုံစံ အမျိုးမျိုးဖြင့် ဆက်စပ်ထားသည်။ ထို့ကြောင့် သဘောတရားရေးရာနှင့် အခြားသော ဥပဒေ သုတေသနများအကြား ကွာခြားချက်မှာ ဖြစ်နိုင်သည့် ကြားခံ အဆင့်များ အများအပြား ပါဝင်ခြင်း ဖြစ်သည် (Vranken 2012; Taekema 2011)။ သို့ရာတွင် ပြဌာန်းထားသော ဥပဒေများကိုသာ အဓိက လေ့လာသည့် သုတေသနနှင့် ဥပဒေနှင့် ဘောဂဗေဒ၊ လူမှုရေး-ဥပဒေ လေ့လာမှုများ၊ ဥပဒေ ဒဿန (သို့) ဥပဒေနှင့် စာပေပညာ ကဲ့သို့သော 'ဥပဒေနှင့်' အခြား ကျယ်ပြန့်သော ဆက်စပ် အကြောင်းအရာများကို လေ့လာသည့် သုတေသနအကြား ခွဲခြားထားခြင်းက အဓိပ္ပာယ် ရှိသည်။ ထို့ကြောင့် သဘောတရားရေးရာ လေ့လာဆန်းစစ်မှုများကို ဤဆောင်းပါးတွင် ပြဌာန်းထားသော ဥပဒေ အခြေခံသည့် သုတေသနဟု ညွှန်းဆိုသွားမည် ဖြစ်ပြီး ဥပဒေဆိုင်ရာ လေ့လာသုံးသပ်ချက်များဟူသော အသုံးအနှုန်းကိုမူ ဥပဒေ ရှုထောင့်မှ ကျယ်ပြန့်သော ပညာရပ် ဆိုင်ရာ သုတေသနများကို ညွှန်းဆိုရန် အသုံးပြုသွားပါမည်။

## ၂။ သီအိုရီ မူဘောင် တစ်ခု၏ ရည်ရွယ်ချက်များ

ရှေးဦးစွာ သီအိုရီ (သို့) သီအိုရီဆိုင်ရာ မူဘောင်ကို ရှင်းပြရန် လိုပေမည်။ အခြေခံအားဖြင့် သီအိုရီဆိုသည်မှာ ဖြစ်ရပ် တစ်ခု (သို့) ကမ္ဘာပေါ်မှ ရှုထောင့်တစ်ခုအတွက် ကျိုးကြောင်း ဆီလျော်သော ဖော်ပြချက် တစ်ခု ဖြစ်သည်။ ပုံမှန်အားဖြင့် သီအိုရီ တစ်ခုက ဖြစ်ရပ်တစ်ခုကို ဖြစ်ပွားစေသော အရာများအကြား ဆက်စပ်မှု (သို့) ဖြစ်ရပ်တစ်ခုနှင့် ၎င်း၏ ပတ်ဝန်းကျင်အကြား ဆက်စပ်မှုတို့ကို ဖော်ပြသည်။ ဥပမာ ပညာရေး သီအိုရီ တစ်ခုက ကျောင်းသားတစ်ဦး မည်ကဲ့သို့ သင်ယူသည်ကို ဆရာများ၏ လွှမ်းမိုးမှု၊ သင်ကြားရေး ပုံစံများနှင့် သင်ကြားရေး ဖြစ်စဉ်မှ အခြားကျောင်းသားများနှင့် နှိုင်းယှဉ်ကာ တင်ပြသည်။ သီအိုရီ တစ်ခု တည်ဆောက်ရန် ၎င်း၏ အခြေခံ သဘောတရားများကို အဓိပ္ပာယ် ဖွင့်ဆိုပြီး ထိုအခြေခံ သဘောတရားများ တစ်ခုနှင့် တစ်ခု မည်ကဲ့သို့ ဆက်စပ်နေသည်ကို ရှင်းလင်းပြရန် လိုအပ်သည်။ အရေးပါသည့် အချက်မှာ သီအိုရီ တစ်ခုသည် သုတေသန ပညာရှင် တစ်ဦး (သို့) ပညာရှင် အများအပြား တပြိုင်တည်း (သို့) ဆက်တိုက် ဖန်တီးသည့် သဘောတရား တစ်ခု ဖြစ်ပြီး ယင်းမှာ သီအိုရီ ထုတ်သူ၏ စိတ်ထဲတွင် ဖန်တီး တည်ဆောက်ထားသည့် အရာ ဖြစ်သည်။ သီအိုရီများကို ကျွန်ုပ်တို့၏ လက်တွေ့ လူမှုဘဝနှင့် ကင်းကွာသော စိတ္တဇနာမ်အဖြစ် ရှုမြင်ကြသည်။ သို့ရာတွင် သီအိုရီများ ကိုင်တွယ် ထိတွေ့မရသည့် စိတ္တဇနာမ် ဖြစ်ရခြင်းမှာ များစွာ ကွဲပြားနေသည်။ ဥပဒေဆိုင်ရာ သီအိုရီတစ်ခုသည် H. L. A. Hart ၏ ပထမ အဆင့်နှင့် ဒုတိယ အဆင့် ပေါင်းထားခြင်းမှ ဥပဒေ စနစ် တစ်ခု ဖြစ်လာခြင်းကဲ့သို့ အတိအကျ ဖွင့်ဆို၍ မရ၊ ရှုပ်ထွေးနေနိုင်သလို တရားမမှု ဥပဒေမှ ဖြစ်ပွားခြင်း ဆိုင်ရာ သီအိုရီ၏ *အဖြစ်အပျက် မရှိလျှင် ထိခိုက်မှုလည်း ရှိမည်မဟုတ် (condicio sine qua non)* ဟူသည့် သတ်မှတ်ချက် ကဲ့သို့လည်း တိတိကျကျ ဖြစ်နေနိုင်သည်။

ဥပဒေဆိုင်ရာ လေ့လာရေးသားမှုများအတွက် သီအိုရီဆိုင်ရာ မူဘောင်များကို များသောအားဖြင့် ဖော်ပြထားခြင်း မရှိဘဲ ဖော်ပြထားသည့်အခါတွင်လည်း ယင်းကို နည်းနာ ဆွေးနွေးမှုများတွင် ထည့်သွင်းလေ့ ရှိသည်။ [3]

[3] For the Dutch context, see IJzermans 2015 for references and as one of the few sustained attempts to develop this.

များသောအားဖြင့် သုတေသနများသည် သဘောတရားရေးရာ ငြင်းခုံမှု (သို့) ဥပဒေ အလေ့အကျင့်များမှ လတ်တလော ဖြစ်ပွားမှုများကို အခြေခံလေ့ ရှိပြီး လက်ရှိပြဋ္ဌာန်းထားသော ဥပဒေတွင် ပြဿနာ ရှိနေခြင်းကလည်း သုတေသန ပြုလုပ်ရန် အကြောင်းပြချက်ကောင်း တစ်ခု ဖြစ်သည်။ ဤအချက်ကြောင့် အချို့သော ပညာရှင်များက ဥပဒေ ဆိုင်ရာ လေ့လာရေးသားချက်များ အတွက် (သိသာထင်ရှားမှု မရှိသည့်) သီအိုရီ မူဘောင်သည် လက်ရှိ ဥပဒေ စနစ် ကိုယ်၌ပင် ဖြစ်သည်ဟု ဆိုသည် (Westerman 2011)။ အချို့ကလည်း သီအိုရီဆိုင်ရာ မူဘောင်သည် ကျယ်ပြန့်သည်။ ဆိုလိုသည်မှာ ယင်းတွင် ဥပဒေစနစ်အပေါ် အမြင်လည်း ပါဝင်ရမည် ဟုဆိုခြင်း ဖြစ်သည် (Vranken 2011)။ ထိုအကြောင်းကို လာမည့်အပိုင်းတွင် ပြန်လည် ဆွေးနွေးသွားပါမည်။ သီအိုရီမူဘောင်၏ အခန်းကဏ္ဍနှင့် လက္ခဏာတို့အား ရေးဆွဲထားပုံက ဥပဒေ ပညာရပ်ကို အမျိုးအစား သတ်မှတ်ပုံအပေါ် မူတည်ပြီး ပညာရပ်၏ လက္ခဏာရပ်အပေါ် ငြင်းခုံမှုများကို ထင်ဟပ်ပြနေသည် (Van Hoecke 2011, p. 3; Vranken 2011, pp. 117-118)။ ဥပဒေ ပညာရပ်တွင် သီအိုရီမူဘောင်များကို နည်းနာပိုင်းတွင် ထည့်သွင်း ဆွေးနွေးခြင်းက ရှားပါးသည် (သို့) အကန့်အသတ်ဖြင့်သာ ရှိသည်။[4] ဤသည်မှာ သီအိုရီမူဘောင်ကို သုတေသန လမ်းညွှန်ချက်၏ အခြေခံ အစိတ်အပိုင်း တစ်ခုအဖြစ် အသုံးပြုသည့် လူမှုရေး သိပ္ပံနှင့် ကွဲပြားခြားနားသည် (e.g., Maxwell 2013; Babbie 2013)။ ထို့ကြောင့် အောက်ပါ အထွေထွေ ဆွေးနွေးချက်သည် ဥပဒေ သုတေသနနှင့် သင့်လျော်သည်ဟု ကျွန်ုပ်ထင်မြင်ယူဆထားသော လူမှုရေးသိပ္ပံမှ အကြောင်းအရာများကို အခြေခံသည်။ ဥပဒေ သုတေသန မူဘောင်၏ အသေးစိတ် အချက်အလက်များကို ယခုအပိုင်း၏ အဆုံးပိုင်းနှင့် နောက်အပိုင်းတွင် ဖော်ပြသွားပါမည်။ သုတေသန ဒီဇိုင်းအတွက် သီအိုရီများသည် စမှတ် (သို့) သုတေသန စီမံချက် တစ်ခု၏ နောက်ခံအခြေအပေါ် မူတည်၍ မတူညီသော အခန်းကဏ္ဍများ ရှိနိုင်သည်။ သီအိုရီများကို သုတေသနမှ ထွက်ပေါ်လာသည့် အရာများဟု ယူဆနိုင်ပေရာ စီမံကိန်း တစ်ခု ချမှတ်ရာတွင် နည်းနာပိုင်းမှ ၎င်းတို့၏ အခန်းကဏ္ဍကို ပြသနိုင်ရန် သီအိုရီဟူသော အသုံးအနှုန်းထက် သီအိုရီဆိုင်ရာ မူဘောင် ဟူသည့် အသုံးအနှုန်းကို အသုံးပြုသွားပါမည်။ သုတေသန တစ်ခုတွင် သီအိုရီ မူဘောင်ဆိုင်ရာ ဆွေးနွေးချက် ပါဝင်သင့်သည့် အကြောင်းပြချက် အများအပြား ရှိပြီး ယင်းတို့ထဲမှ သုံးခုကို ထုတ်နှုတ် တင်ပြသွားပါမည်။ ပထမဆုံးနှင့် အရေးအကြီးဆုံး အချက်မှာ သီအိုရီ မူဘောင် ပါဝင်ရသည့် ရည်ရွယ်ချက်မှာ သုတေသန စီမံကိန်းသည် ခေတ်ပေါ် အမြင်များကို အသုံးပြုထားကြောင်း ဖော်ပြရန် ဖြစ်သည်။ ဆိုလိုသည်မှာ သီအိုရီ မူဘောင်ကို ဖော်ပြခြင်းက စီမံကိန်းသည် အခြားသူများ၏ လေ့လာချက်များနှင့် မည်ကဲ့သို့ ဆက်စပ်သည်ကို ဖော်ပြရန် ဖြစ်သည်။ အရိုးရှင်းဆုံး ဆိုရလျှင် ဤအပိုင်းသည် ယခု ဆွေးနွေးမည့် ခေါင်းစဉ်နှင့် ပတ်သက်ပြီး ယခင် သုတေသန ရလဒ်များကို ဖော်ပြထားခြင်း ဖြစ်သည်။ ဥပမာ ခေါင်းစဉ်က ဥပဒေပြုသူ၏ ရည်ရွယ်ချက်ကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အဓိပ္ပာယ် ပြန်ဆိုနည်း နည်းလမ်းအဖြစ် အသုံးပြုခြင်း ဆိုပါက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အဓိပ္ပာယ် ပြန်ဆိုမှု မူလနှင့် ပတ်သက်သည့် တည်ဆဲ ငြင်းခုံမှုများကို ဖော်ပြရန် အရေးပါသည် (Barber & Fleming 2007)။ ထိုဥပမာကို အသုံးပြု၍ ခေတ်ပေါ် အမြင်များ အသုံးပြုထားခြင်းဆိုသည်မှာ ခေါင်းစဉ်နှင့် ပတ်သက်ပြီး အမြင်အမျိုးမျိုး ငြင်းခုံ ဆွေးနွေးခြင်းကို ဖော်ပြခြင်း ဖြစ်သည်။ ဤသည်မှာ ယခင်က ပြုလုပ်ခဲ့ပြီးသည့် အရာများကို စုစည်းခြင်း သက်သက် မဟုတ်ဘဲ ထိုမတူညီသော အမြင်များနှင့် ရလဒ်များ ဆက်စပ်နေပုံကို တင်ပြခြင်းလည်း ဖြစ်သည်။ အချို့သော ကိစ္စရပ်များတွင် အကြောင်းအရာ တစ်ခုနှင့် ပတ်သက်ပြီး ရှင်းလင်းသည့် အများစု အမြင် ရှိကြသော်လည်း ဥပဒေ သုတေသန အများစုတွင် ဆန့်ကျင်ဖီလာနေသော သီအိုရီများကို ထုတ်ဖော်ကြသည့် မတူညီသော အမြင်များ ရှိကြသည်။ နောက်ဆုံးပေါ် အမြင်များ ထည့်သွင်းခြင်းဟူသည့် ပထမဆုံး ရည်ရွယ်ချက်က စီမံကိန်း၏ သီအိုရီ ထောက်တိုင်များနှင့်သာမက ယခင် သုတေသန ရလဒ်များ (သို့) နည်းနာများနှင့်လည်း သက်ဆိုင်သည်။ သုတေသန လက်ဆွဲစာအုပ် အများအပြားတွင် ထိုရည်ရွယ်ချက်ကို စာအုပ်စာတမ်း သုံးသပ်ဆန်းစစ်ချက်

---

[4] ဤသည်မှာ ဥပဒေ သဘောထားရေးရာ သုတေသနများ မည်သို့ လုပ်ဆောင်ရမည်ကို လက်တွေ့ လမ်းညွှန်ချက်များ ပေးသည့် နည်းနာပိုင်းဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များ မရှိခြင်းကြောင့် ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဥပဒေ နည်းနာဆိုင်ရာ စာအုပ်များမှာ များသောအားဖြင့် အလေ့အကျင့်ကို အခြေခံသည်။ (e.g., McLeod 2005) ပညာရပ်ဆိုင်ရာ နည်းနာ စာအုပ်များမှာမူ သဘောထားရေးရာ သုတေသနထက် လူမှုရေး-ဥပဒေ သုတေသနကို ပို၍ အလေးပေးထားသည်။ (e.g., McConville & Chui 2007).

အပိုင်းတွင် ထည့်သွင်းဆွေးနွေးလေ့ ရှိသည် (Blumberg et al. 2008; Randolph 2009)။ သို့ရာတွင် ထိုကဲ့သို့သော စာအုပ်စာတမ်း သုံးသပ်ဆန်းစစ်ချက် အစိတ်အပိုင်းသည် များသောအားဖြင့် ခေါင်းစဉ်ကို သက်ဆိုင်ရာ နယ်ပယ်မှ သီအိုရီများနှင့် ချိတ်ဆက်ရန်သာ စိတ်အားထက်သန် နေသည်။ ထို့ကြောင့် သီအိုရီမူဘောင်သည် ခေတ်ပေါ် အမြင်များ ဖော်ပြထားခြင်း သက်သက် မဟုတ်ပေ။ သီအိုရီမူဘောင်က စီမံကိန်းသည် ယခင် လေ့လာဆန်းစစ်မှု များနှင့်လည်း မည်ကဲ့သို့ ဆက်စပ်သည်ကို ရှင်းပြရန် လိုအပ်သည်။

ဤအချက်က သီအိုရီမူဘောင်ကို ဆွေးနွေးရသည့် ဒုတိယ အကြောင်းပြချက်နှင့် ဆက်စပ်နေသည်။ သီအိုရီ မူဘောင်က စီမံကိန်းသည် မည်သည့် ပညာရပ်ဆိုင်ရာ အလေ့အထနှင့် ဆက်စပ်နေသည်ကိုလည်း ပြသသည်။ ပညာရပ်ဆိုင်ရာ အလေ့အထကို ဤနေရာတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားထားသည်။ ယင်းမှာ ပညာရပ် နယ်ပယ် (သို့) ဘာသာရပ် နယ်ပယ်တွင် သုတေသနကို စံပုံစံကျ ပြုလုပ်သည့်နည်း (သို့) ကိစ္စရပ် တစ်ခုကို သီအိုရီပိုင်း (သို့) အတွေးအခေါ်ပိုင်း ပုံစံတစ်မျိုးဖြင့် ချဉ်းကပ်ခြင်း ဖြစ်သည်။ ချဉ်းကပ်ပုံ တစ်ခု ရှိခြင်းက ပညာရပ်နယ်ပယ်တွင် အများလက်ခံထားပြီးသား အချက်တစ်ချက် ဖြစ်ပြီး ယင်းမှာ လွန်စွာ အရေးပါသည်။ ဥပမာ နိုင်ငံတကာ ဆက်ဆံရေးတွင် ရီရယ်လ်လစ်ဇင် (realism)၊ လစ်ဘရယ်လစ်ဇင် (liberalism)၊ ဝေဖန်ရေး သီအိုရီ (critical theory) နှင့် ကွန်စတရတ်တစ်ဗစ်ဇင် (constructivism) တို့အကြား ကာလရှည်ကြာ အငြင်းအခုံများ ရှိခဲ့သည် (Burchill & Linklater 2013)။ ထိုကဲ့သို့သော နယ်ပယ်တွင် အဆိုပါ ချဉ်းကပ်ပုံ တစ်ခုခုအား အသုံးပြုကာ စဉ်းစားသုံးသပ်ရန် လိုအပ်သည်။ ဥပဒေပြုသူ၏ ရည်ရွယ်ချက် ဥပမာကို ပြန်သွားကြည့်ရလျှင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အဓိပ္ပာယ် ပြန်ဆိုသည့် ကိစ္စရပ် အပေါ် ချဉ်းကပ်ပုံ အမျိုးမျိုး ရှိသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား အဓိပ္ပာယ် ပြန်ဆိုခြင်းကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ အမှုများတွင် ထိုနည်းလမ်းများ အသုံးပြုခြင်းနှင့် ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ သဘောတရားများနှင့် ဆက်စပ်မှုကို အလေးစိုက်သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ ဥပဒေ ရှုထောင့်မှ ချဉ်းကပ်နိုင်သည်။ (သို့) ဥပဒေ ပြုသူ၏ ရည်ရွယ်ချက်ကို ဖော်ထုတ်သည့် သီအိုရီကို အလေးစိုက်သော ဥပဒေ ဒဿန ပုံစံဖြင့်လည်း ချဉ်းကပ်နိုင်သည်။ (သို့) ဥပဒေပြုသူ၏ ရည်ရွယ်ချက်ကို (ပြန်လည်) တည်ဆောက်သည့် နည်းလမ်းများအား အလေးစိုက်သော ဥပဒေ ဆိုင်ရာ ဆင်ခြင်သုံးသပ်မှု ပုံစံဖြင့်လည်း ချဉ်းကပ်နိုင်သည်။ သီအိုရီ မူဘောင်၏ အရေးပါသော ရည်ရွယ်ချက်မှာ တစ်ခု (သို့) တစ်ခုထက် ပိုသော ပညာရပ်ဆိုင်ရာ အလေ့အထနှင့် စီမံကိန်း တစ်ခုကို မည်ကဲ့သို့ ဆက်စပ်မည်ကို ရှင်းလင်းစွာ ဖော်ပြရန် ဖြစ်သည်။ ပညာရပ် နယ်ပယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် သဘောတူထားပြီး ဖြစ်ပါက ခေတ်ပေါ် အမြင်များနှင့် ပညာရပ် ဆိုင်ရာ အလေ့အထတို့ တူညီနေမည် ဖြစ်သည်။ သို့ရာတွင် မှတ်ချက်ပြုခဲ့ပြီး ဖြစ်သည့်အတိုင်း ချဉ်းကပ်ပုံ တစ်ခုကို ရွေးချယ်ရလိမ့်မည်။ ဥပမာ ကုမ္ပဏီ ဥပဒေတွင် ကုမ္ပဏီ အုပ်ချုပ်ပုံကို တာဝန်ပေးသူနှင့် တာဝန်ခံသူ သီအိုရီ (principal-agent theory) အသုံးပြု၍ မန်နေဂျာများနှင့် ရှယ်ယာရှင်ကို ဥပမာပြု၍ ရှင်းပြနိုင်သည် (Jensen & Meckling 1976)။ သို့ရာတွင် အခြား သီအိုရီ တစ်ခုက ပတ်သက်ဆက်နွှယ်သူများကို အဓိကထားနိုင်သည်။ အုပ်ချုပ်သူများသည် ရှယ်ယာရှင်များသာ မကဘဲ ဝန်ထမ်းများနှင့် ဖောက်သည်များ အပါအဝင် အုပ်စု အမျိုးမျိုး အပေါ် တာဝန်ခံရသည် (Freeman 1984)။ သုတေသန၏ ရည်ရွယ်ချက်မှာ အခြားသီအိုရီနှင့် နှိုင်းယှဉ်ပြီး သီအိုရီတစ်ခု၏ ရှင်းပြနိုင်စွမ်းကို စမ်းသပ်ရန် ဖြစ်နိုင်သော်လည်း များသောအားဖြင့် စီမံကိန်း တစ်ခုအတွက် စမှတ်အနေဖြင့် ပညာရပ်ဆိုင်ရာ ချဉ်းကပ်ပုံ တစ်ခုကို အသုံးပြုခြင်းက လုံလောက်ပြီ ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အဓိပ္ပာယ် ပြန်ဆိုသည့် ပထမ ဥပမာတွင် သီအိုရီမူဘောင် ရွေးချယ်ခြင်းသည် ပညာရပ် နယ်ပယ်မှ နယ်ပယ်ခွဲ တစ်ခု ရွေးချယ်ခြင်း ဖြစ်ပြီး ဒုတိယ ဥပမာတွင် သီအိုရီ ချဉ်းကပ်ပုံ တစ်ခု ရွေးချယ်ရခြင်း ဖြစ်သည်။

ထိုကဲ့သို့သော ချဉ်းကပ်ပုံကို သီအိုရီ မူဘောင်၏ တတိယ ရည်ရွယ်ချက်အတွက် အသုံးပြုနိုင်သည်။ သုတေသန တစ်ခု လုပ်ဆောင်ရာတွင် သီအိုရီ မူဘောင်ကို ကိရိယာ အမျိုးမျိုးအတွက် အရင်းအမြစ်အဖြစ် အသုံးပြုခြင်း ဖြစ်သည်။ စီမံကိန်းတွင် အသုံးပြုနိုင်သော သဘောတရားများ ဖော်ထုတ်ပေးခြင်းဖြင့် သီအိုရီ မူဘောင်များသည်

သဘောတရား မူဘောင်များ တဖြစ်လည်း အလုပ်လုပ်သည်။ ယင်းတို့က ဖော်ပြချက် ဆက်စပ်မှုများ (သို့) ရှင်းလင်းချက်များ ဖော်ထုတ်ပေးသည်။ ထို့ကြောင့် ဥပမာ တာဝန်ပေးသူနှင့် တာဝန်ခံသူ သီအိုရီက တာဝန်ပေးသူနှင့် တာဝန်ခံသူ ဟူသည့် သဘောတရားနှင့် ယင်းနှင့် ဆက်စပ်သော တာဝန်ခံသူ ထားရှိရခြင်း၏ အားနည်းချက် သဘောတရား ဟူ၍ အရေးပါသည့် သဘောတရားနှစ်ခု ဖော်ပြပေးသည်။ ထိုသဘောတရားများ အားလုံးသည် ကုမ္ပဏီ ဥပဒေ စီမံကိန်းများတွင် အသုံးဝင်နိုင်သည်။ အလားတူပင် သီအိုရီ မူဘောင်သည် နည်းလမ်း ရွေးချယ်ရန်အတွက် စမှတ်တစ်ခုလည်း ဖြစ်သည်။ သီအိုရီ မူဘောင် အများအပြားကို သီးသန့် နည်းလမ်းများ အသုံးပြုပြီး ဖော်ထုတ်ကြသည်။ ထို့ကြောင့် သီအိုရီနှင့် အသုံးပြုသော နည်းနာချဉ်းကပ်ပုံတို့အကြား နီးစပ်သော ဆက်စပ်မှု ရှိသည်။ ဥပမာ စီမံကိန်း တစ်ခုသည် အမူအကျင့် ဆိုင်ရာ ဥပဒေနှင့် ဘောဂဗေဒနယ်ပယ်တွင် ရှိပါက ယင်းမှာ လက်တွေ့ စမ်းသပ်ချက်များမှ တစ်ဆင့် ဖော်ထုတ်သည့် သီအိုရီအပေါ်တွင် အခြေခံသည် (Sunstein 2000)။ ထို့ကြောင့် ပုံမှန်အားဖြင့် လုပ်ဆောင်ရမည့် နည်းလမ်းမှာ စမ်းသပ်ချက် အသစ်တစ်ခု လုပ်ဆောင်ရန် ဖြစ်သည်။ အလားတူပင် သုတေသနသည် ဥပဒေ မနုဿဗေဒ ဘာသာရပ်အတွင်းမှ ကျရောက်ပါက လေ့လာမည့် အသိုင်းအဝိုင်းနှင့် သွားရောက်ရောနှောနေထိုင်၍ သုတေသန လုပ်သည့် နည်းလမ်းက အဆင်ပြေလိမ့်မည်။

ထို့ကြောင့် သီအိုရီ မူဘောင်ကို ထိုသို့ အသုံးပြုသည့် နည်းလမ်းများ အားလုံးက သုတေသန ဒီဇိုင်းအတွက် သင့်လျော်ပြီး သုတေသန မေးခွန်းများအတွက်လည်း နောက်ခံ အခြေအနေ ဖော်ထုတ်ပေးသည်။ သုတေသန မေးခွန်းကို သီအိုရီမူဘောင်အား အခြေခံ၍ ဖော်ထုတ်ခြင်းက ထိုမေးခွန်း သင့်လျော်မှု ရှိ၊ မရှိကို ရှင်းရှင်းလင်းလင်း ပြသပေးနိုင်သည် (Van Hoecke 2011, p. 14)။

## ၃။ သီအိုရီမှ စံနူန်း မူဘောင်သို့

သီအိုရီမူဘောင်များကို လူမှုရေးသိပ္ပံ သုတေသနမှ ငှားရမ်းပြီး ရှင်းပြခြင်းက ၎င်းတို့၏ အခန်းကဏ္ဍကို ရှင်းလင်းစွာ ရှင်းပြနိုင်သည့် အားသာချက် ရှိသလို အားနည်းချက်များလည်း ရှိသေးသည်။ ထိုအားနည်းချက်များမှာ လူမှုရေးသိပ္ပံက အချက်အလက်များ စုဆောင်းရာတွင် လက်တွေ့ သုတေသနကို အဓိကထားသည့် ဘာသာရပ် ဖြစ်နေခြင်းက ဆင်းသက်လာသည်။ လူမှုရေးသိပ္ပံ သုတေသန လမ်းညွှန် အများစုတွင် ထိုအချက်က ကွာခြားသွားသည့် အချက်ဖြစ်သည်။ ထိုကဲ့သို့သော လူမှုရေးသိပ္ပံ သုတေသနများတွင် သီအိုရီမူဘောင်က လက်တွေ့ လုပ်ဆောင်မည့် သုတေသနနှင့် မသက်ဆိုင်ဘဲ သုတေသန ဒီဇိုင်းအတွက် ကွဲပြားခြားနားသော သီးသန့် အခန်းကဏ္ဍ တစ်ခု ရှိသည် (Layder 1998; Maxwell 2013)။ သုတေသန တစ်ခု၏ သီအိုရီနှင့် လက်တွေ့ အပိုင်းတို့သည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ထောက်ပံ့ပေးနေသည်။ သီအိုရီက သုတေသန ပြဿနာနှင့် ဖြစ်နိုင်သော ရှင်းပြချက်ကို ဖော်ထုတ်ပေးပြီး ယင်းတို့ကို လက်တွေ့ စမ်းသပ်နိုင်သည်။ အထူးသဖြင့် ကိန်းဂဏန်းအခြေပြု (quantitative) သုတေသနတွင် ယင်းမှာ စက်ဝန်း တစ်ခုကဲ့သို့ ဖြစ်နေသည်။ သီအိုရီမှ အဆို (hypothesis) ကို ဖော်ထုတ်ပြီး ယင်းမှ တစ်ဆင့် လက်တွေ့ လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို လုပ်ဆောင်ကာ သီအိုရီကို ပြင်ဆင် မွမ်းမံပေးသည်။ ထို့နောက် စက်ဝန်း ဆက်၍ တစ်ပတ်လည်သွားသည် (Corbetta 2003; pp. 57-59)။ သုတေသနသည် အတွေးအခေါ်၊ ပြောဆိုမှုများကို အခြေခံပါက (qualitative) သီအိုရီ မူဘောင်၏ အခန်းကဏ္ဍမှာ ရှင်းလင်းမှု ပိုလျော့နည်းသွားသည်။ စမ်းသပ်ကြည့်နိုင်သည့် အဆို အမြဲမရှိတော့ဘဲ တစ်ခါတရံ သုတေသနက လက်တွေ့ လေ့လာမှု အစိတ်အပိုင်းများ မပါဝင်တော့ဘဲ သီအိုရီ အခြေပြု သက်သက်သာ ဖြစ်တတ်သည်။ အချို့သော အတွေးအခေါ်၊ ပြောဆိုမှု အခြေပြု သုတေသနများက လက်တွေ့ အချက်အလက်များ စုဆောင်းပြီး သီအိုရီ ဖော်ထုတ်လေ့ ရှိသည်။ ဥပမာ grounded theory ချဉ်းကပ်ပုံမျိုး ဖြစ်သည် (Glaser & Strauss 1967)။

ဥပဒေ သုတေသနတွင် လူမှု လက်တွေ့ဘဝအကြောင်း အချက်အလက်များ စုဆောင်းခြင်း ကဲ့သို့သော လက်တွေ့ လုပ်ငန်းမျိုးက တွေ့ရလေ့ ရှိသော ချဉ်းကပ်ပုံမျိုး မဟုတ်ပေ။[5] ပို၍ ရှုပ်ထွေးစေသည့် အရာမှာ ဥပဒေ သုတေသနတွင် အဖြေရှာသည့် သုတေသန မေးခွန်းများမှာလည်း လွန်စွာ ကွဲပြားခြားနားသည်။ လူမှုရေးသိပ္ပံ သုတေသနက ဖော်ပြချက်နှင့် ရှင်းလင်းချက် ဆိုင်ရာ မေးခွန်းများ ဖြေဆိုရန်၊ လူသားတို့၏ အမူအကျင့်နှင့် လူ့အဖွဲ့အစည်းဆိုင်ရာ လက္ခဏာများကို ရှင်းလင်းပြရန် ကြိုးပမ်းသော်လည်း ဥပဒေ သုတေသနက အကဲဖြတ်ခြင်းနှင့် စံနှုန်း ဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန် ကြိုးပမ်းခြင်း ဖြစ်သည်။ ထိုမေးခွန်းများသည် မတူညီသော မူဘောင်များ လိုအပ်သည်။ ဥပဒေသည် အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်နေသည်ကို ရှင်းပြသော မူဘောင်မျိုး မဟုတ်ဘဲ ဥပဒေသည် ကောင်းသည် (သို့) ဆိုးသည်ကို ဆုံးဖြတ်ပေးနိုင်မည့် ငြင်းခုံခြင်းဆိုင်ရာ အဆိုများနှင့် သက်ဆိုင်သော မူဘောင်မျိုး ဖြစ်သည်။ ရှင်းလင်းပြသော သီအိုရီ မူဘောင်သည် ထိုသို့သော ငြင်းခုံမှုမျိုးအား ဖော်ထုတ်မပေးနိုင်ပေ။ ကုမ္ပဏီ ဥပဒေ ဥပမာကို ပြန်ကြည့်မည် ဆိုပါက မန်နေဂျာများ အနေနှင့် မိမိတို့ အကျိုးစီးပွားထက် ၎င်းတို့ အလုပ်လုပ်ကိုင်ပေးနေသူများ၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးရန် မက်လုံးပေးသည့် ကုမ္ပဏီ ဖွဲ့စည်းပုံများ မည်သည့် အတွက်ကြောင့် ရှိနေရသည်ကို သိရှိခြင်းက ထိုဖွဲ့စည်းပုံနှင့် ပတ်သက်ပြီး စံနှုန်း ဆိုင်ရာ အကဲဖြတ်မှုများ ပြုလုပ်မပေးနိုင်ပေ။ ငြင်းခုံဆွေးနွေးမှုက ကုမ္ပဏီများသည် မန်နေဂျာများကို ၎င်းတို့၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်းအား ဥပဒေအရ ပိတ်ပင်ထားရမည်ဟု ဆိုပါက၊ ကုမ္ပဏီ ဥပဒေတွင် သီးသန့် ရည်ရွယ်ချက်များ ရှိနေပါက လက်ရှိ ဥပဒေ တည်ဆောက်ပုံဖြင့် ထိုရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်စွမ်း ရှိ၊ မရှိ အကဲဖြတ်နိုင်သည်။ ထိုအကဲဖြတ်သည့် မေးခွန်းကို စံနှုန်းများ (ယခု ဥပမာတွင် ကုမ္ပဏီ ဥပဒေ၏ ရည်ရွယ်ချက်များ) အား အခြေခံပြီး ဥပဒေ အခြေအနေတစ်ခုကို အကဲဖြတ်ကာ အဖြေပေးရမည် ဖြစ်သည်။

ရှင်းလင်းပြသည့် သီအိုရီ မူဘောင်အစား စံနှုန်းဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန် ကြိုးပမ်းနေသည့် ဥပဒေ သုတေသန အတွက် စံနှုန်းဆိုင်ရာ မူဘောင် လိုအပ်သည်။ ကျယ်ပြန့်သော စံနှုန်းဆိုင်ရာ မေးခွန်းများ အောက်တွင် ပုံမှန်အားဖြင့် ဥပဒေ၏ ကောင်းကျိုးနှင့် ဆိုးကျိုးကို အကဲဖြတ်ခြင်း ကဲ့သို့သော အကဲဖြတ်သည့် မေးခွန်းများနှင့် အခြေအနေကို တိုးတက်စေရန် မည်သည်တို့ကို လုပ်ဆောင်သင့်သနည်းကို ဆုံးဖြတ်သော ရှုထောင့်ဆိုင်ရာ မေးခွန်းများ ဟူ၍ အုပ်စုခွဲထားကြသည်။[6] ထိုမေးခွန်းများမှာ မကြာခဏ ဆိုသလို အတူတကွ ရှိနေတတ်သည်။ ဥပဒေက မှားယွင်းနေသည်ဟု ဆုံးဖြတ်ခြင်းက ထိုအမှားကို ပြုပြင်ရန် ဥပဒေကို မည်ကဲ့သို့ ပြောင်းလဲရမည် ဟူသည့်အပေါ် အကြံပြုခြင်းနှင့် ဆက်စပ်သွားသည်၊ သို့ရာတွင် ထိုသို့ မဖြစ်မနေ တွဲစပ်ရမည် ဟူ၍တော့ မဟုတ်ပေ။[7] အကဲဖြတ်သုံးသပ်သည့် မေးခွန်းများက ၎င်းတို့ သီးသန့်လည်း တည်ရှိနေ နိုင်သည်။ စံနှုန်းဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန် စံတိုင်းတာသည့်၊ အကဲဖြတ်ချက် တစ်ခုကို ထောက်ပံ့သည့် စံနှုန်း (သို့) တန်ဖိုးများကို ဖော်ထုတ်ပေးသည့် မူဘောင်တစ်ခု လိုအပ်သည်။ ဥပမာ ရာဇဝတ်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ မျှတသော တရားစီရင်မှု စည်းမျဉ်းများနှင့် ဥရောပ လူ့အခွင့်အရေး သဘောတူစာချုပ်တွင် ချမှတ်ထားသည့် မျှတစွာ တရားစီရင်ခံပိုင်ခွင့်တို့က သုတေသန ပညာရှင်အား တရားလိုရှေ့နေသည် စုံစမ်း စစ်ဆေးရေး အစောပိုင်း အဆင့်များကို လိုက်နာခြင်း ရှိ၊ မရှိ အကဲဖြတ်ရန် စံနှုန်းများ ဖော်ပြပေးသည်။ နည်းနာဆိုင်ရာ လက်စွဲ စာအုပ်များတွင် သီးသန့် ခေါင်းစဉ် တစ်ခု ဖြစ်သည့် လူမှုရေး သိပ္ပံမှ အခြားသော သီအိုရီ မူဘောင်များနှင့် ကွဲပြားခြားနားစွာပင် ဥပဒေ သုတေသနမှ စံနှုန်းမူဘောင်များအကြောင်းကို ဆွေးနွေးခဲ့လှသည်။ Westerman က

[5] သို့ရာတွင် လက်တွေ့ ဥပဒေ သုတေသနသည် လျင်မြန်စွာပင် အသုံးများလာပြီး နည်းနာပိုင်းဆိုင်ရာ လုပ်ငန်းများ၌ ဘာသာရပ် တစ်ခုလည်း ဖြစ်လာသည်။ ဥပမာ Van den Bos & Hulst 2016, Dhami & Belton 2016, Melville & Hincks 2016, and Webley 2016 တို့၏ ဥပဒေနှင့် နည်းနာ ဆိုင်ရာ ဆောင်းပါးများကို ရှုပါ။

[6] Van der Burg 2017 က 'ဥပဒေက ကောင်းမွန်သလား' ဟူကဲ့သို့သော အကဲဖြတ်သုံးသပ်သည့် မေးခွန်းများကို စံနှုန်းဆိုင်ရာ မေးခွန်း ဖြစ်သော 'ယင်းကို မည်ကဲ့သို့ ပြုပြင်နိုင်မည်နည်း' မှ ခွဲခြားထားသည်။

[7] အကြံပြုချက်က မကြာခဏဆိုသလို ဥပဒေကို ပြုပြင်ရန် အကြံဉာဏ် ပေးခြင်း ဖြစ်သွားသည်။ သို့ရာတွင် ၎င်းတို့က စာချုပ်စာတမ်းကို ဘာသာပြ်နဆိုရန် နည်းလမ်းအသစ်များ ဖန်တီးခြင်း (သို့) အမှုဆိုင်ရာ ဥပဒေအသစ် ဖော်ထုတ်ခြင်း (သို့) ဥပဒေ စည်းမျဉ်း အသစ် တစ်ခုကို အသိအမှတ်ပြုရန် လိုအပ်ခြင်းတို့လည်း ဖြစ်နိုင်သည်။

ယင်းမှာ ဥပဒေ စနစ်ကို သိသာထင်ရှားမှု မရှိသော သီအိုရီဆိုင်ရာ မူဘောင်အဖြစ် အသုံးပြုသောကြောင့် ဖြစ်သည်ဟု ဆိုခဲ့သည် (Westerman 2011, p. 90)။ သူမ၏ အမြင်အရ ဥပဒေ သဘောတရားရေးရာ သုတေသနသည် စံနှုန်း အခြေပြုဖြစ်ပြီး ဥပဒေစနစ်၏ စည်းမျဉ်းများကို စံနှုန်းများအဖြစ် အသုံးပြုသည်။ ဤသည်က သီအိုရီနှင့် စံနှုန်း မူဘောင်တို့အကြား ကွဲပြားခြားနားမှု မလိုအပ်စေတော့ပေ။ ဥပဒေစနစ်သည် သီအိုရီရော၊ စံနှုန်းမူဘောင်ရော တပြိုင်နက် ဖြစ်နေသောကြောင့်ပင်။ Vranken ကမူ Westerman ၏ အဆိုကို မှတ်ချက်ပေးရာတွင် ဥပဒေစနစ်သည် သီအိုရီ မူဘောင် ဖြစ်နေသည် ဟူသည့် အချက်အပေါ် များစွာ သဘောထား ကွဲလွဲခဲ့သည် (Vranken 2011)။ သူက ဥပဒေ စနစ်သည် သီအိုရီ ရှုထောင့်များ စုစည်းထားသော ဘာသာရပ် တစ်ခု ဖြစ်ပြီး စနစ်ကို အကဲဖြတ်ရန် စံနှုန်း စည်းမျဉ်းများမှာလည်း ကွဲပြားခြားနားသည်ဟု ရှုမြင်သည်။ ထို့ကြောင့် မည်သည်ကို စံနှုန်းမူဘောင်အဖြစ် သတ်မှတ်နိုင်သနည်း ဟူသည့် မေးခွန်းက အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် စံနှုန်း ဆိုင်ရာ မေးခွန်း၏ အဖြေ မှန်ကန်ခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ပေးရာတွင် ထိုမူဘောင်က အရေးပါသောကြောင့် ဖြစ်သည်။

## ၄။ အတွင်းနှင့် ပြင်ပ ဘောင်ချခြင်း

စံနှုန်း မူဘောင်ကို ရှာဖွေခြင်းနှင့် ဖော်ထုတ်ခြင်း ကိစ္စရပ်များအား လုပ်ဆောင်ရန် အတွင်းနှင့် ပြင်ပ မူဘောင်များ (internal and external frameworks) အကြား ခွဲခြားခြင်းက အသုံးဝင်ပေမည် (Kestemont 2015, p. 373)။ 'အတွင်း' ဆိုသည်မှာ ဥပဒေ၊ ၎င်း၏ စည်းမျဉ်းများနှင့် တန်ဖိုးများ၏ အစိတ်အပိုင်း ဖြစ်သော စံနှုန်းများကို ဆိုလိုခြင်း ဖြစ်ပြီး 'ပြင်ပ' ဆိုသည်မှာ ထိုစံနှုန်းများကို ထုတ်ဖော်ပေးသော သီအိုရီများကို ရည်ညွှန်းခြင်း ဖြစ်သည်။ အတွင်းနှင့် ပြင်ပကို ခွဲခြားထားခြင်းမှာ ရှင်းလင်း ပြတ်သားနေခြင်းကြောင့် မဟုတ်ဘဲ (ကြားထဲတွင် ရောက်နေသော ဖြစ်ရပ်များစွာ ရှိသည်) ထိုနယ်ပယ်ကို ဆန်းစစ်ရန် အသုံးဝင်သောကြောင့်သာ ဖြစ်သည်။[8]

အတွင်းမူဘောင်များကို ရှာဖွေခြင်း ဆိုသည်မှာ ပြဋ္ဌာန်းထားသော ဥပဒေထဲမှ စံနှုန်း အခြေခံများကို ရှာဖွေခြင်း ဖြစ်သည်။ ဥပဒေနယ်ပယ် အများအပြားတွင် အချို့သော အခြေခံ စံနှုန်းများနှင့် တန်ဖိုးများကို ဖော်ပြထားသည် (သို့) ကြိုတင် ယူဆထားကြသည်။ တစ်သီးပုဂ္ဂလ ဥပဒေ မိတ်ဆက်များတွင် လွတ်လပ်စွာ စာချုပ်ချုပ်ဆိုခြင်းနှင့် ပိုင်ဆိုင်မှု ဆိုင်ရာ လုံခြုံမှုတို့သည် တစ်သီးပုဂ္ဂလ ဥပဒေ၏ အခြေခံ ဖြစ်ပြီး အငြင်းပွားမှုများကို ဖြေရှင်းရာတွင် တရားမျှတမှု (သို့) တန်းတူညီမှု ရှိ၊ မရှိ ဆန်းစစ်နိုင်သည်ဟု ကျောင်းသားများအား သင်ကြားပေးကြသည်။ တစ်သီးပုဂ္ဂလ ဥပဒေထဲမှ သီးသန့် ခေါင်းစဉ်များတွင် သီးသန့် စည်းမျဉ်းများ ရှိကြသည်။ ဥပမာ စားသုံးသူများနှင့် အလုပ်သမားများအား ကာကွယ်ပေးရေး (သို့) ကလေးသူငယ်အတွက် အကောင်းဆုံး အကျိုးစီးပွား စသည်တို့ ဖြစ်သည်။ ထိုအချက်များအားလုံးတွင် တူညီသည့်အရာမှာ ယင်းတို့သည် ပြဋ္ဌာန်းထားသော ဥပဒေအတွက် ပေါ်ပေါ်ထင်ထင် ဖော်ပြထားသော (သို့) မသိမသာ ယူဆထားသော အခြေခံ စည်းမျဉ်းများ ဖြစ်ကြသည်။ ယင်းတို့မှာ ဥပဒေ စနစ်၏ အစိတ်အပိုင်းများပင် ဖြစ်သည်။ အများပြည်သူဆိုင်ရာ ဥပဒေတွင် တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေး စည်းမျဉ်းများ၌ ဆင်တူသော အခြေခံ တာဝန်များ ရှိကြသည်။ အခြေခံ အခွင့်အရေးများကို ပဋိညာဉ်များ (သို့) ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ အခွင့်အရေး ပြဋ္ဌာန်းချက်များတွင် ထည့်သွင်းဖော်ပြထားကြသည်။ ယင်းတို့မှာ ပြဋ္ဌာန်းထားသော ဥပဒေများအတွက် အခြေခံ အစိတ်အပိုင်းများ ဖြစ်ကြသည်။ ထိုစည်းမျဉ်းများနှင့် တန်ဖိုးများမှာ ဥပဒေ အရင်းအမြစ်များတွင် အပြည့်အဝ ပါဝင်နေသည်ဟု ဆိုလိုခြင်းမဟုတ်။ ဥပဒေ သီအိုရီတွင် (လက်တွေ့ သိပ္ပံနည်းကျ သုတေသန လုပ်ဆောင်မှုနှင့် သိပ္ပံနည်းကျ သုတေသန ပြုလုပ်ခြင်း မဟုတ်သည့် အဓိပ္ပာယ် ပြန်ဆိုမှု (positivism and interpretivism) တို့အကြား) မည်သည့် စည်းမျဉ်းများနှင့် တန်ဖိုးများက အရင်းအမြစ်ကို အခြေခံသော စည်းမျဉ်းများထက် ကျော်လွန်ပြီး

[8] ဥပဒေ ပညာရပ်မှ အတွင်းနှင့် ပြင်ပ ရှုထောင့်များကို ပို၍ ယေဘုယျဆန်ဆန် ဖတ်ရှုလိုပါက Taekema 2011 ကို ရှုပါ။

ကိုယ်ကျင့်တရားနှင့် နိုင်ငံရေး တန်ဖိုးများကို ထည့်သွင်း စဉ်းစားထားသနည်း ဟူ၍ အငြင်းပွားမှုများ ရှိကြသည်။[9] သို့ရာတွင် သီအိုရီ နှစ်မျိုးလုံးတွင် ဥပဒေ၏ စည်းမျဉ်းများကို ရှာဖွေရန် (သို့) တည်ဆောက်ရန် ဖြစ်နိုင်သည်။ ထိုအခြေခံ စည်းမျဉ်းများနှင့် တန်ဖိုးများက အတွင်း စံနှုန်း မူဘောင်များ၊ ဆိုလိုသည်မှာ အကဲဖြတ်ရန်အတွက် စံနှုန်းများ ထုတ်ဖော်ပေးသည့် ဥပဒေ၏ အစိတ်အပိုင်းအဖြစ် ရှိနေသည်။ တစ်ခါတရံ သိသိသာသာ ဖော်ပြထားခြင်း မရှိသော စံနှုန်းများကို အသုံးပြုနိုင်ရန် ယင်းတို့က ပိုမို ရှင်းလင်းစေဖို့ လိုအပ်သည်။ သို့ရာတွင် ကိစ္စရပ် အများအပြားတွက် ပြဋ္ဌာန်းထားသော ဥပဒေ (သို့) အစောပိုင်း ရေးသားထားသော ဥပဒေ သဘောတရားများတွင် အခြေခံ အချက်များ ရှိနေပြီး ဖြစ်သည်။[10]

သို့ရာတွင် ဥပဒေကို လုံးဝ သီးသန့်ချည်း လေ့လာ၍ မရပေ။ ဥပဒေက လူမှုရေးနှင့် နိုင်ငံရေး နယ်ပယ်များနှင့် ဆက်စပ်နေသည်ဟု ယူဆထားပါက အခြားသော ရည်မှန်းချက်များနှင့် တန်ဖိုးများလည်း ပါဝင်လာပြီး ယင်းတို့မှာ ပြင်ပ မူဘောင်၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။ ဥပဒေကို ကျယ်ပြန့်သော ကျင့်ဝတ် ဆိုင်ရာ ပြင်ပ ရှုထောင့်မှ ကြည့်ရှုပါက ဥပဒေကို တရားမျှတမှုနှင့် အမြဲတစေ ချိန်ညှိ အကဲဖြတ်နေရမည်။ ဥပဒေ စနစ်က မည်သည့် အတိုင်းအတာအထိ လူမှုရေး ဆိုင်ရာ မတရားမှုများကို ပြန်လည် ဖြစ်ပေါ်စေပါသလဲ (သို့) ဖြေရှင်းပေးပါသလဲ။ စံနှုန်းမူဘောင် တစ်ခုအတွက် ထိုကဲ့သို့ ကျယ်ပြန့်သော အကောင်းဆုံး အနေအထား တစ်ခု ဖော်ထုတ်နိုင်ရန် မည်သည့် တန်းတူ ညီမျှရေးနှင့် လွတ်လပ်ရေးဆိုင်ရာ စည်းမျဉ်းများက ထိုသို့ အကောင်းဆုံး အနေအထားကို ထောက်ပံ့သနည်း ဟူသည့်အပေါ် သီအိုရီ တစ်ခု လိုအပ်လာသည်။ ဥပမာ John Rawls ၏ လစ်ဘရယ် နိုင်ငံရေး သီအိုရီက ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ဥပဒေ တည်ဆောက်ပုံကို အကဲဖြတ်နိုင်မည့် အခြေခံ စည်းမျဉ်းများကို ဖော်ထုတ်ပေးသည် (Rawls 1971)။ အလားတူပင် မတရားမှုကို အာဏာရှိ ပုဂ္ဂိုလ်များ၏ လွှမ်းမိုးမှုဟု ရှုမြင်ထားသော အချက်ကျကျ ဝေဖန်သော သီအိုရီ (critical theory) ကိုလည်း ဥပဒေ သဘောတရားများကို အကဲဖြတ်ရန် အသုံးပြုနိုင်သည် (Unger 1986)။ ထိုသို့သော ပြင်ပ စံနှုန်း မူဘောင်များက ဥပဒေစနစ်တစ်ခု၏ တန်ဖိုးများကို ကျော်လွန်၍ ဥပဒေစနစ် ကိုယ်တိုင်၏ အခြေခံ စံနှုန်းများကို ဝေဖန်နိုင်လေရာ ထိုပြင်ပ စံနှုန်း မူဘောင်များတွင် အားသာချက် ရှိလေသည်။ ထိုသီအိုရီ အများစုသည် လူမှုရေး (သို့) နိုင်ငံရေး ဒဿနိက ဗေဒတွင် အခြေခံကြသည်။[11] သို့ရာတွင် ယင်းအချက်ကြောင့်ပင် ထိုသီအိုရီများသည် နားလည်ပုံဖော်ရန် ခက်ခဲသည်။ ထိုသီအိုရီများကို အသုံးပြု၍ ပို၍ ခိုင်မာသော ဥပဒေ ဖြစ်ပေါ်တိုးတက်မှုများကို အကဲဖြတ်လိုပါက သီအိုရီများကို ပြန်လည်မွမ်းမံရန် လိုအပ်ပေလိမ့်မည်။

ပြင်ပမူဘောင်ကို ပို၍ ခိုင်ခိုင်မာမာ ရှာဖွေနိုင်သည့် နည်းလမ်းမှာ ဥပဒေ ရည်မှန်းချက်များကို ရှာဖွေရန် ဖြစ်သည်။ ဥပမာ အကြမ်းဖက်မှုဆိုင်ရာ ခြိမ်းခြောက်မှုက လုံခြုံရေး ဝန်ဆောင်မှုများကို မြှင့်တင်သည့် နိုင်ငံရေး ရည်မှန်းချက်ကို ဖြစ်ပေါ်စေပြီး ထို့အတွက် ဥပဒေအာဏာ အသစ်များကို ဖန်တီးကာ အချက်အလက် မြောက်မြားစွာကို ရယူ သိမ်းဆည်းထားကြသည်။ ထိုမူဝါဒမှ ထွက်ပေါ်လာသည့် ဥပဒေအသစ်ကို အကဲဖြတ်နိုင်သည့် နည်းလမ်းမှာ ထိုဥပဒေကို ပေါ်ပေါက်လာစေသည့် မူဝါဒ ရည်ရွယ်ချက်ကို ပြန်ကြည့်ပြီး ဥပဒေအသစ်က ထိုရည်ရွယ်ချက်များကို အမှန်တကယ် ပြည့်မြောက်စေသလား ဟူသည်ကို အကဲဖြတ်ရန် ဖြစ်သည်။ တစ်ခါတရံ ဥပဒေအသစ် တစ်ခု၏ နောက်ကွယ်တွင် ယင်းဥပဒေနှင့် ကိုက်ညီသည့် မူဝါဒ သီအိုရီ တစ်ခု ရှိသည်၊ တစ်ခါတရံ ကိုက်ညီသည့် မူဝါဒ သီအိုရီ မရှိပေ။ ဥပဒေပြုပြင် ပြောင်းလဲမှု အများအပြားမှာ မတူညီသော အကျိုးစီးပွား အုပ်စုများအကြား စနစ်တကျ မရှိသည့် အလျှော့အတင်းများမှ ပေါ်ထွက်လာခြင်း ဖြစ်ပြီး

[9] The classic debate between Hart (1994) and Dworkin (1978) is relevant here, as well as later discussions on inclusive positivism (Waluchow 1994).

[10] ဥပဒေ သဘောတရားဆိုသည်မှာ ရှေ့နေများက ပြဋ္ဌာန်းထားသော ဥပဒေများကို ရှင်းလင်းရန်နှင့် စနစ်တကျ ဖြစ်စေရန် လုပ်ဆောင်ထားသည့် ပညာရပ်ဆိုင်ရာ လေ့လာရေးသားမှုများ ဖြစ်သည်။

[11] ထိုသီအိုရီများမှာ ဒဿနဆန်ရန် မလိုအပ်သော်လည်း စံနှုန်း ဘောဂဗေဒကဲ့သို့သော အခြား စံနှုန်း သီအိုရီများမှလည်း ထိရောက်မှု ကဲ့သို့သော ပြင်ပ စံနှုန်းများ ရရှိနိုင်သည်။ (compare Kestemont 2015, p. 374).

ထိုအခါတွင် ဥပဒေ နောက်ကွယ်ရှိ နိုင်ငံရေး ရည်မှန်းချက်များကို ပြန်လည် ဆက်စပ်ကြည့်ရန် ခက်ခဲသည်။ သို့ရာတွင် ဥပဒေ၌ ဖော်ထုတ်နိုင်သော ရည်မှန်းချက်အချို့ အနည်းလေးတော့ ရှိကြသည်။ ယင်းတို့ကို စံနှုန်း မူဘောင်တွင် စံများအဖြစ် အသုံးပြုနိုင်သည်။ မူဝါဒ ရည်မှန်းချက်များ (သို့) ရည်ရွယ်ချက်များ အတွက်မူ အတွင်းနှင့် ပြင်ပ မူဘောင်များအကြား ခွဲခြားခြင်းသည် အမြဲ ရှင်းရှင်းလင်းလင်း ရှိနေမည် မဟုတ်ပေ။ တစ်ခါတရံ မူဝါဒ ရည်မှန်းချက်များမှာ ဥပဒေစာသားများထဲတွင် ထည့်သွင်းထားသည် (ဥပမာ ပဋိညာဉ်၏ စကားဦး) သို့မဟုတ် အမှုဆိုင်ရာ ဥပဒေတွင် ပုံမှန် အဓိပ္ပာယ် ပြန်ဆိုမှု အစိတ်အပိုင်း ဖြစ်လာသည်။ ဖြစ်နိုင်သည့် အဆိုတစ်ခုမှာ တစ်ချိန်က ပြင်ပ ရည်မှန်းချက်များကို အသုံးပြုဖန်များလာကာ အတွင်းတန်ဖိုးများ ဖြစ်လာပြီး ဥပဒေ စနစ်၏ အတွင်း စံနှုန်းများတွင် ထည့်သွင်းခြင်း ဖြစ်သည်။ ဤသည်က ဥပဒေ ပြုပြင်ရေး၏ အဆင့်အပေါ် မူတည်သည်။ ဥပဒေ ပြုပြင်ရေးကို အစီအစဉ် ဆွဲထားလျှင် (သို့) အကောင်အထည်ဖော်ပြီးစ ဖြစ်လျှင် ပြင်ပမူဝါဒ စံနှုန်းများကို ကိုးကားရန် ပိုမို လိုအပ်သည်။ ယခုဆွေးနွေးမှုတွင်မူ ပြင်ပမူဝါဒ ရည်မှန်းချက်များသည် စံနှုန်း မူဘောင်အတွက် အသုံးဝင်သော အခြေခံများ ဖြစ်ပြီး စံနှုန်းမူဘောင် တစ်ခုအတွက် အတွင်းဥပဒေ ရည်မှန်းချက်များကိုသာ အရင်းအမြစ်အဖြစ် အသုံးပြုရန် ကန့်သတ်ထားဖို့ မလိုအပ်ပေ။[12]

အမျိုးမျိုးသော ပြင်ပစံနှုန်း မူဘောင်များကို နှိုင်းယှဉ်ခြင်းဖြင့် အခြေခံ တန်ဖိုးများကို သီအိုရီပိုင်းမှ ငြင်းခုံသည့် အချက်ကျကျ ဝေဖန်ထောက်ပြသည့် ဒဿနိက သီအိုရီများနှင့် အချိန်တစ်ခု နေရာတစ်ခုမှ ရွေးချယ်ထားသော မူဝါဒ ရည်မှန်းချက်များကို အကျယ်ဖြန့်ပေးသည့် သမာရိုးက မူဝါဒ သီအိုရီများအကြား ကွဲပြားခြားနားမှုကို တွေ့ရှိလာနိုင်သည်။ ဥပဒေ တစ်ခုတည်းကိုသာ သမာရိုးကျ မူဝါဒ ရည်မှန်းချက်များတွင် အသုံးပြုခြင်းထက် အချက်ကျကျ ဝေဖန်ထောက်ပြသည့် ရှုထောင့်ကိုလည်း ထိုရည်မှန်းချက်များအတွက် အသုံးပြုနိုင်သည်။ လုံခြုံရေး ဥပမာကို ပြန်သွားရလျှင် လူပုဂ္ဂိုလ် တစ်ဦးချင်းစီအတွက် လွတ်လပ်ရေး ဆိုင်ရာ နိုင်ငံရေး သီအိုရီက တစ်သီးပုဂ္ဂလ ကိုယ်ရေးကိုယ်တာနှင့် လွတ်လပ်ခွင့် တန်ဖိုးများကို အသုံးပြုကာ လုံခြုံရေး ဝန်ဆောင်မှုများ၏ အာဏာစက် ကျယ်ပြန့်လာခြင်းကို ဝေဖန်နိုင်သည်။ ယင်းမှာ ဥပဒေကို ဝေဖန်ခြင်းသာမကဘဲ ယင်းဥပဒေ နောက်ကွယ်မှ မူဝါဒ ရည်မှန်းချက်များကိုပါ ဝေဖန်ခြင်း ဖြစ်သည်။

နောက်ဆုံးအနေဖြင့် အတွင်းနှင့် ပြင်ပ စံနှုန်း သတ်မှတ်ချက်များကို ပေါင်းစပ်နိုင်ခြေလည်း ရှိနေသည်။ အကောင်းဆုံး အခြေအနေတွင် ဥပဒေသည် ဥပဒေ တန်ဖိုးများအရရော၊ လူမှုရေးနှင့် နိုင်ငံရေး တန်ဖိုးများအရပါ ကောင်းမွန်သော အခြေအနေ၌ ရှိနိုင်သည်။ ထို့ကြောင့် ဥပဒေတစ်ခုကို အကဲဖြတ်ရာတွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အခြေခံ၍ အကဲဖြတ်ခြင်းနှင့် လူမှု တရားမျှတမှု စည်းမျဉ်းများကို အခြေခံ၍ အကဲဖြတ်ခြင်းတို့အား ပေါင်းစည်းနိုင်သည်။ သို့ရာတွင် ထိုသို့သော ကျယ်ပြန့်သည့် အကဲဖြတ်မှုမျိုးကို သုတေသန စီမံကိန်း တစ်ခုတည်းတွင် အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ပေ (Van der Burg 2017)။ အကဲဖြတ်မှုအတွက် မည်သည့် စံနှုန်းများကို အသုံးပြုမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပါက အကန့်အသတ်ရှိသော အကဲဖြတ်မှုမျိုးကိုလည်း လက်ခံနိုင်မည် ဖြစ်သည်။

## ၅။ သိသိသာသာ ဖော်ပြခြင်း မရှိသော စံနှုန်းများ၊ ဥပဒေ သုတေသနမှ စံနှုန်း အခြေခံကို ရှာဖွေခြင်း

ဥပဒေသုတေသနအတွက် များသောအားဖြင့် လက်တွေ့ သုတေသန ရည်ရွယ်ချက်များအား ထောက်ပံ့ပေးနိုင်သည့် မူဘောင်များကို စဉ်းစားခြင်းအား ဥပဒေ သုတေသန၏ သဘောသဘာဝအပေါ် ပညာရှင်များ၏ အငြင်းပွားမှုများနှင့် ဆက်စပ်ကြည့်နိုင်သည်။ ဥပဒေ ပညာရပ်ဆိုင်ရာ စံနှုန်း မူဘောင်အတွက် အခြေခံကျသည့် လက်တွေ့ကျသော အကြောင်းပြချက်၏ စံနှုန်းနှင့် ကိုက်ညီမှုကို ရှင်းရှင်းလင်းလင်း သိစေရန် ထိုသို့ ဆက်စပ်မှုကို လုပ်ဆောင်ကြည့်သင့်သည်။ ထို့ကြောင့် ယခု ဒုတိယ အပိုင်းတွင် သီအိုရီနှင့် စံနှုန်း

[12] မည်သည့် ဥပဒေ ရည်ရွယ်ချက်များက ဥပဒေ၏ အတွင်းတန်ဖိုးများ ဖြစ်နေသလဲ ဟူသည့် မေးခွန်း မေးလာစရာ ရှိသည် (footnote 8 ကို ရှုပါ)။

မူဘောင်များ၏ သဘောသဘာဝနှင့် အခန်းကဏ္ဍတို့ကို ဆွေးနွေးရာမှ ပို၍ ကျယ်ပြန့်သော မေးခွန်း ဖြစ်သည့် ဥပဒေ ပညာရပ် ဆိုင်ရာ လေ့လာမှုများ၏ သဘောသဘာဝကို မည်သို့ နားလည်နိုင်ကြောင်းအား ဆွေးနွေးသွားပါမည်။ ဖော်ပြချက် အခြေပြု လေ့လာ ရေးသားချက်များနှင့် စံနှုန်း အခြေခံပြု လေ့လာ ရေးသားချက်များအကြား ဆက်စပ်မှုများကို ကျွန်ုပ်တို့ အကောင်းဆုံး မည်သို့ နားလည်နိုင်ပါသနည်း။ ပထမဆုံး အဆင့်အနေဖြင့် ယခုအပိုင်းက ဥပဒေပညာရပ်နှင့် စပ်လျဉ်းပြီး ဖော်ပြချက် အခြေပြု လေ့လာ ရေးသားချက်များနှင့် စံနှုန်း အခြေခံပြု လေ့လာ ရေးသားချက်များ၏ လက္ခဏာရပ်များအကြောင်း ဆွေးနွေးသွားပါမည်။

ဥပဒေ ပညာရပ်သည် ပညာရပ်နယ်ပယ်တွင် ထူးခြားသော အဆင့်တစ်ခု၌ ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအသုံးပြုသော ဘာသာရပ်ဖြစ်သည့် ဥပဒေသည် စံနှုန်းများနှင့် အဓိက သက်ဆိုင်သောကြောင့် ဖြစ်သည်။ ဥပဒေကို အသုံးပြုခြင်းက စံနှုန်းများပေါ်တွင် အသက်တည်မှီနေသည်။ စံနှုန်းများကို အဓိပ္ပာယ် ပြန်ဆိုခြင်း၊ စံနှုန်းအခြေပြု ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ စံနှုန်းများအကြောင်း ငြင်းခုံခြင်း၊ စံနှုန်းများ ဖန်တီးခြင်း၊ စံနှုန်းများ အကောင်အထည်ဖော်ခြင်း၊ စံနှုန်းများ ချိုးဖောက်ခြင်းအား တားဆီးခြင်း အစရှိသဖြင့် စံနှုန်းများနှင့် ဆက်စပ်သော လုပ်ငန်းများမှာ အဆုံးမရှိပေ။ ဥပဒေနှင့် လက်တွေ့ အကြောင်းပြချက်ကို အခြေခံခြင်း တူညီသော ကိုယ်ကျင့်တရား ဘာသာရပ် ကဲ့သို့သော စံနှုန်းကို အဓိကထားသည့် အခြား ပညာရပ် အချို့ ရှိသော်လည်း ဥပဒေ ပညာရပ်တွင် ဥပဒေ၏ စံနှုန်းအပေါ် အမြင်နှစ်ခု ဒွန်တွဲလျက် ရှိသည်။ ဥပဒေ ပညာရပ်က ၎င်းကိုယ်၎င်း လူမှုရေး ဆိုင်ရာ ဖြစ်ရပ် တစ်ခုဟု ယူဆထားပြီး စံနှုန်းဆိုင်ရာ လုပ်ဆောင်ချက် တစ်ခုဟုလည်း ယူဆထားသည်။ လူမှုရေး ဆိုင်ရာ ဖြစ်ရပ်ဆိုသည်မှာ ဥပဒေ အရင်းအမြစ်များကို လူမှုရေး ဖြစ်ရပ်များဟု ရှုမြင်သည့် legal positivism သီအိုရီကို ဆိုလိုခြင်း မဟုတ်ဘဲ ဥပဒေ၏ စံနှုန်းများကို လူမှုရေးနှင့် အင်စတီကျူးရှင်းဆိုင်ရာ ဥပဒေ အလေ့အကျင့်ဟု ဖော်ပြနိုင်ခြင်းကို ဆိုလိုသည်။ စံနှုန်း ဆိုင်ရာ လုပ်ဆောင်ချက် ဆိုသည်မှာ ဥပဒေ ပညာရှင်များက ဥပဒေတွင် စံနှုန်းဆိုင်ရာ အငြင်းအခုံများ ပြုလုပ်နိုင်ကြသည်။ ဥပဒေအလေ့အကျင့်အတွင်းမှ မှန်ကန်သော စံနှုန်း အဆုံးအဖြတ် ဆိုင်ရာ အငြင်းအခုံများတွင် ပါဝင်နိုင်ကြပြီး အလေ့အကျင့်အတွက် အကြံပေးသူ အခန်းကဏ္ဍလည်း လုပ်ဆောင်နိုင်ကြသည်။[13]

ဥပဒေ လေ့လာမှုများ၏ လက္ခဏာနှစ်ရပ်က ဥပဒေဆိုင်ရာ နည်းနာပြဿနာတွင် အရေးပါသော အစိတ်အပိုင်း ဖြစ်သည်။ ဥပဒေကို တည်ဆဲ အလေ့အကျင့် တစ်ခုအဖြစ် လေ့လာခြင်းက ယင်းမှာ လူမှုရေး သိပ္ပံ၏ ဖော်ပြခြင်းနှင့် ရှင်းပြခြင်း ရည်ရွယ်ချက်များနှင့် တူညီကြောင်း တွေ့ရှိရသည်။ ဥပဒေ ဆိုင်ရာ လေ့လာမှုများသည် အဓိပ္ပာယ် ပြန်ဆိုခြင်းမှ စံနှုန်းဆိုင်ရာ အငြင်းအခုံများ ပြုလုပ်လိုခြင်းကလည်း ယင်းမှာ ကိုယ်ကျင့်တရား ကဲ့သို့သော စံနှုန်း လူမှုရေး ဘာသာရပ်များနှင့် ဆင်တူကြောင်း ပြသနေသည်။[14] ဥပဒေ ပညာရှင်များသည် မိမိကိုယ်မိမိ ဖော်ပြရန် ပြဿနာ ရှိသည်ဟု ဆိုနိုင်သည်။ သူတို့မှာ လူမှုရေး သိပ္ပံ ပညာရှင်များလား၊ စံနှုန်း လူမှုရေး ပညာရှင်များလား (သို့) ထိုပညာရပ် နှစ်မျိုးကို ရောစပ်ထားသည့် ထူးခြားသော အမျိုးအစား တစ်ခုပေလား။[15] ကျွန်ုပ်အတွက်မူ ဥပဒေ ပညာရှင်များသည် လူမှုရေး သိပ္ပံနှင့် လူမှုရေး ဘာသာရပ်များကို ပေါင်းစပ်ထားခြင်း ဖြစ်ပြီး ဥပဒေဆိုင်ရာ လေ့လာရေးသားမှုများသည် ထိုအုပ်စု နှစ်စုတွင် မည်သည့်အုပ်စု၌မှ သီးသန့် အကျုံးဝင်ခြင်းမရှိကြပေ (Taekema 2011)။ ဥပဒေ ပညာရပ်သည် အပြည့်အဝ လူမှုရေး သိပ္ပံ မဟုတ်၊ အဘယ်ကြောင့်ဆိုသော ယင်းက များသောအားဖြင့် လက်တွေ့ အချက်အလက် စုဆောင်းခြင်း (သို့) ရှင်းလင်းပြရန် မေးခွန်းများ ဖြေဆိုခြင်းကို အဓိက မရည်ရွယ်ပေ။ အချက်အလက်များကို ၎င်း၏ ကိုယ်ပိုင် ပုံစံအရ စုဆောင်းသည်၊

---

[13] ဆိုလိုသည်မှာ ဥပဒေ ပညာရပ်ဆိုင်ရာ ရေးသားလေ့လာမှု အများအပြားတွင် အထူးသဖြင့် သဘောတရားရေးရာ ဥပဒေ လေ့လာမှုများတွင် ဥပဒေကို အတွင်းမှ ကြည့်ရှုသည့် ရှုထောင့်ကို အသုံးပြုကြသည်။ ယင်းက အခြားသော ပညာရပ် နယ်ပေါ်များမှ ဗဟုသုတများကို မှီငြမ်းသော်လည်း ဥပဒေ အလေ့အကျင့်နှင့် ပတ်သက်၍ စံနှုန်းဆိုင်ရာ အငြင်းအခုံများကို ပို၍ အလေးထားသည် (Taekema 2011, p. 50)။

[14] အဆိုပါ လက္ခဏာရပ် နှစ်ခု ရှိခြင်းကို Franken 2004 က ဥပဒေ ပညာရပ်ဆိုင်ရာ လေ့လာရေးသားမှုများအကြောင်း ဒတ်ချ် အငြင်းအခုံတွင် တင်ပြခဲ့သည်။

[15] ယင်းတို့ကို မည်သို့ ပေါင်းစပ်နိုင်ကြောင်း ကျွန်ုပ်၏ အမြင်ကို အပိုင်း ၆ နှင့် ၇ တွင် ရှုပါ။

သို့ရာတွင် အချက်အလက်ကို လက်တွေ့ စုဆောင်းသည့် နည်းနာထက် ပိုမို ကျယ်ပြန့်စွာ နားလည်ဖို့ လိုအပ်သည်။ ယင်းမှာ စံနှုန်းအခြေပြု လူမှုရေး ဘာသာရပ်နှင့်လည်း အပြည့်အဝ တူသည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် ဥပဒေ ပညာရပ်၏ အငြင်းအခုံများသည် ပြဋ္ဌာန်းထားသော ဥပဒေ ဖော်ပြချက်များအပေါ် အခြေခံရန် လိုအပ်သည်။ ဥပဒေပညာရပ်က ၎င်းကိုယ်ပိုင် စံနှုန်း အငြင်းအခုံများ ပြုလုပ်သည် (အစောပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း ယင်းတို့မှာ များသောအားဖြင့် ဥပဒေ တန်ဖိုးများနှင့် စည်းမျဉ်းများအပေါ် အခြေခံသည်)။ အများစုသော သဘောတရားရေးရာ ဥပဒေ ပညာရှင်များသည် ထိုပညာရပ်နယ်ပယ်နှစ်ခုအကြား တစ်ခုကိုသာ ရွေးချယ်မှု မပြုလိုကြဘဲ ထိုနယ်ပယ်နှစ်ခုကို ရောစပ်ခြင်းနှင့် စပ်လျဉ်း၍ ဝေဝေဝါးဝါးပင် ထားလိုကြသည်ဟု ကျွန်ုပ်က ရှုမြင်သည်။ ဤအချက်ကို ဥပဒေ သဘောတရားရေးရာ လေ့လာချက်များ၏ သုတေသန ရည်ရွယ်ချက်များတွင် အရှင်းလင်းဆုံး တွေ့နိုင်သည်။ ဥပမာ စာတမ်း အများစုက ၎င်းတို့၏ စာမျက်နှာ အများအပြားကို ဥပဒေ နယ်ပယ် တစ်ခုအတွင်း အသေးစိတ် အလုပ်လုပ်ပုံများကို ဖော်ပြကြသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံထက် ပိုသော ဖြစ်ပေါ် တိုးတက်မှုများကို ဖော်ပြရသည့်အခါ၊ နိုင်ငံတကာမှ ပြည်တွင်း ဥပဒေများ ဆိုင်ရာ ရှုပ်ထွေးသည့် အချက်များကို ရှင်းပြရသည့်အခါ၊ ပြည်တွင်း ဥပဒေ စနစ် အမျိုးမျိုးကို နှိုင်းယှဉ်ရသည့် အခါများတွင် ဖြစ်သည်။ သို့ရာတွင် ၎င်းတို့က နှိုင်းယှဉ်ဖော်ပြခြင်းမှ စံနှုန်း အကဲဖြတ်မှုကို မည်ကဲ့သို့ ရောက်ရှိသွားကြောင်း ရှင်းရှင်းလင်းလင်း မဖော်ပြဘဲ ထိုနယ်ပယ်မှ ဥပဒေကို မည်ကဲ့သို့ ပြုပြင်သင့်သည့်အပေါ် အကြံပြုချက်များလည်း ပေးကြသည် (Siems 2014, pp. 22-23)။ ဥပမာ ဂျာမနီနှင့် နယ်သာလန် နိုင်ငံတို့က ဥရောပ သမဂ္ဂ၏ စားသုံးသူ ဥပဒေကို အကောင်အထည် ဖော်ရာ၌ ကွဲပြားမှုများ ရှိခြင်းကို သိရှိခြင်းက နယ်သာလန် နိုင်ငံအနေဖြင့် ဂျာမနီ၏ အကောင်အထည်ဖော်ရေး နည်းလမ်းကို အသုံးပြုသင့်သည်ဟူသည့် အကြံပြုချက်အား အလိုအလျောက် ထွက်ပေါ်လာစေမည် မဟုတ်ပေ။

ဥပဒေ ပညာရပ် လေ့လာသူများ လေ့ကျင့်ထားလေ့ မရှိသည့် အရေးပါသော လုပ်ဆောင်ချက် တစ်ခုမှာ ၎င်းတို့၏ သုတေသန စီမံကိန်းများတွင် မသိမသာနှင့် ‘ပြုလုပ်သင့်သည်’ ဟူသည့် အချက်များကို ထည့်သွင်းခြင်း ဖြစ်သည်။ (စိတ်ကူးယဉ်) ဥပမာ အရ ဆိုရလျှင် ဥရောပ သမဂ္ဂအတွင်း စားသုံးသူ ဥပဒေ အကောင်အထည် ဖော်ခြင်းအပေါ် သုတေသန ပြုရသည့် မဖော်ပြထားသော ရည်ရွယ်ချက် တစ်ခုမှာ စားသုံးသူများအပေါ် ကာကွယ်ပေးမှုကို အမြင့်ဆုံး မြှင့်တင်ပေးရန် ဖြစ်သည်။ ထိုမှသာ ဂျာမနီ၏ စနစ်က စားသုံးသူများအတွက် ပို၍ အကျိုးဖြစ်ထွန်း စေသည်ဟု နှိုင်းယှဉ် လေ့လာသည့် သုတေသနက ကောက်ချက်ချ လိုက်သည့်အခါ ဂျာမနီ၏ စနစ်က နယ်သာလန်ထက် ပိုကောင်းပြီး ထိုစနစ်ကို ပုံစံတူ ယူသင့်သည် ဟူသည့် ဆုံးဖြတ်ချက်ကို ထွက်ပေါ်လာစေမည် ဖြစ်သည်။ သို့ရာတွင် ထိုစံနှုန်း ကောက်ချက်ကို ရှင်းလင်းပြရန်မှာ အရေးပါသည်။ အရောင်းအဝယ် ထိရောက်မှုကို ထိခိုက်စေနိုင်သောကြောင့် စားသုံးသူကို အမြင့်မားဆုံး ကာကွယ်ပေးရန် မသင့်လျော်ဟု ထင်သူလည်း ရှိနိုင်သည်။ ထိုမဖော်ပြထားသည့် ရည်ရွယ်ချက်ကို ဖော်ပြလိုက်သည်နှင့် ထိုအဆိုအတွက် လုံလောက်သော စံနှုန်း အခြေခံနှင့် စံနှုန်း မူဘောင် ရှိ၊ မရှိ (သို့မဟုတ်) အခြားသော စံနှုန်းမူဘောင်က ပိုသင့်လျော်လားဟု မေးခွန်းထုတ်နိုင်သည်။

သို့ရာတွင် အရေးပါသော ခြွင်းချက်တစ်ခုမှာ သုတေသန၏ စံနှုန်း အစိတ်အပိုင်းသည် ဖော်ပြချက် အပိုင်းတွင် အခြေခံသင့်သည်။ ဆိုလိုသည်မှာ စံနှုန်းအရ အကဲဖြတ်မှုကို ပံ့ပိုးရန် စံနှုန်းမူဘောင်မှ စံနှုန်းများကို ထည့်သွင်းဖို့ အရေးပါသော်လည်း သုတေသန ပညာရှင် အနေဖြင့် ထိုစံနှုန်းမူဘောင်ကို ဖော်ပြချက် ရလဒ်များနှင့် ဆက်စပ်ဖို့ လိုအပ်သည်။ ဤသည်ကိုလည်း ယခင် ဥပမာကိုပင် ပြန်လည် အသုံးပြု၍ ရှင်းပြပါမည်။ နှိုင်းယှဉ် သုတေသန ပြုခြင်းအရ နယ်သာလန် တရားရုံးများသည် ဥရောပ သမဂ္ဂ၏ စားသုံးသူ အခွင့်အရေး ဥပဒေကို အဓိပ္ပာယ် ပြန်ဆိုရာတွင် စားသုံးသူများ၏ အကျိုးစီးပွားနှင့် လွယ်ကူစွာ စီးပွားရေး လုပ်ဆောင်နိုင်ခြင်း အကျိုးစီးပွားတို့အကြား ညီမျှသည့် ဥပဒေတစ်ခု ချမှတ်ခဲ့ပြီး ဂျာမနီ တရားရုံးက စီးပွားရေး လုပ်ဆောင်မှု လွယ်ကူခြင်းထက် စားသုံးသူများ၏ အကျိုးစီးပွားကို ဦးစားပေးခဲ့သည် ဆိုကြပါစို့။ စံနှုန်း မူဘောင်က ဂျာမနီ၏ ချဉ်းကပ်ပုံက ပိုကောင်းသည်ဟု ဆိုစေကာမူ ယင်းစနစ်ကို နယ်သာလန်တွင်လည်း အသုံးပြုသင့်သည်ဟူသည့်

အကဲဖြတ်ချက်အား နယ်သာလန်၏ ဥပဒေ အလေ့အကျင့်များကို ထည့်သွင်း ဆွေးနွေးထားမှသာ ဖြစ်နိုင်ပေလိမ့်မည်။ ဆိုလိုသည်မှာ နှိုင်းယှဉ် ဖော်ပြသည့် သုတေသနများတွင် စံနှုန်း အကဲဖြတ်ချက် ပြုလုပ်ရာ၌ နောက်ခံ အခြေအနေကို ထည့်သွင်းစဉ်းစားရန်လည်း အရေးကြီးကြောင်းကို ပြသနေသည် (compare Siems 2014, p. 221)။ စံနှုန်းဆိုင်ရာ အကဲဖြတ်မှုများသည် သီးသန့် ရပ်တည်နေနိုင်ပြီး နယ်သာလန်နိုင်ငံ၏ အခြေအနေသည် ပြောင်းလဲရမည်ဟု အလုံအလောက် ပြောနိုင်ခြင်းလည်း ရှိနိုင်သည်။ သို့ရာတွင် ဥပဒေ ပညာရပ်တွင် လက်တွေ့ အခြေအနေကို ထည့်သွင်း စဉ်းစားရခြင်းကြောင့် လက်တွေ့ကျ၊ မကျ ဟူသည့် အချက်က အရေးကြီးသည်။ အပြောင်းအလဲကို တောင်းဆိုလိုပါက အောင်မြင်နိုင်ခြေကိုလည်း ထည့်သွင်း တွက်ချက်ရမည်။ သို့မဟုတ်ပါက ဥပဒေအရ လက်တွေ့လုပ်ဆောင်နိုင်မှုအပေါ် သက်ရောက်နိုင်ခြေ ရှိတော့မည် မဟုတ်ပေ။

## ၆။ 'ဖြစ်သည်' နှင့် 'ဖြစ်သင့်သည်' တို့ကို ပြန်လည် ဆက်စပ်ခြင်း၊ လက်တွေ့ကျသည့် မူဘောင်

ဥပဒေ ပညာရပ် လေ့လာမှုများ၏ ဖော်ပြခြင်းနှင့် စံနှုန်း အခြေပြု အစိတ်အပိုင်းတို့သည် ခွဲခြားနိုင်သော်လည်း ဆက်စပ်နေသည်ဟု ဆိုပြီးနောက် ဆွေးနွေးမှုကို အကျယ်ဖြန့် လိုသည်။ ဥပဒေ သုတေသနကို ထိုကဲ့သို့ လက္ခဏာ သတ်မှတ်ခြင်းအား အချက်အလက်နှင့် စံနှုန်းအကြား ဆက်စပ်မှုနှင့် ပတ်သက်သည့် မည်သည့် သီအိုရီက ရှင်းလင်းပြနိုင် ပါသနည်း။ လူမှုရေးဆိုင်ရာ ဖြစ်ရပ်နှင့် ဥပဒေ စံနှုန်းများသည် မတူညီသော ရှုထောင့်နှစ်ခု ဖြစ်ကြသည်ဟု Kelsen ကဲ့သို့သော ပညာရှင်များက ငြင်းခုံခဲ့ကြသည်။[16] အချက်အလက်များကို အကဲဖြတ်ခြင်းနှင့် စံနှုန်းများကို အကဲဖြတ်ခြင်းအား ပေါင်းစပ်၍ မရ၊ အဘယ်ကြောင့်ဆိုသော် ထိုရှုထောင့်နှစ်ခု၏ သဘောတရား လောဂျစ်များမှ အခြေခံအရ ကွာခြားနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် တူညီသော သိပ္ပံပညာ၏ အစိတ်အပိုင်း အဖြစ် အချက်အလက်နှင့် စံနှုန်းကို ဆက်စပ်သည့် သီအိုရီများက ပိုသင့်လျော်သည့် လမ်းကြောင်း ဖြစ်မည်။ ထိုသို့ လုပ်ဆောင်ရန် နည်းလမ်း အမျိုးမျိုး ရှိသည်။[17] သို့ရာတွင် ဤနေရာ၌ ကျွန်ုပ်အနေဖြင့် ဖြစ်နိုင်ခြေ တစ်ခုကိုသာ ဆန်းစစ်သွားပါမည်။ အချက်အလက်များနှင့် စံနှုန်းများကို လက်တွေ့ အခြေပြု သဘာဝ လမ်းစဉ် (pragmatist naturalism) အား အခြေခံ၍ ဆက်စပ်သွားမည်။ သဘာဝ လမ်းစဉ်သည် စိတ်ဝင်စားဖွယ်ကောင်းသော နည်းလမ်း တစ်ခု ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော ယင်းနည်းလမ်းက အချက်အလက်နှင့် စံနှုန်းများ၊ တန်ဖိုးများအား လေ့လာခြင်းကို ၎င်းတို့အား သဘာဝ ကမ္ဘာကြီး ဆိုင်ရာ ဗဟုသုတနှင့် ချိတ်ဆက်ကာ တစ်သားတည်း ဖြစ်အောင် လုပ်ဆောင်ခြင်းကြောင့် ဖြစ်သည် (Papineau 2015)။ ထို့ပြင် သဘာဝ လမ်းစဉ် သီအိုရီများက အချက်အလက်နှင့် စံနှုန်း ဆိုင်ရာ မေးခွန်းများအတွက် လေ့လာသည့် ဘုံနည်းလမ်း တစ်ခု သုံးရန် အကြံပြုထားသည်။ ဥပဒေ သုတေသန၏ ဖော်ပြချက်နှင့် စံနှုန်း အခြေပြု အစိတ်အပိုင်းများသည် ဆက်စပ်နေသည်ဟု သဘောထားပါက ထိုဆက်စပ်မှုကို ကျယ်ပြန့်သည့် သီအိုရီ၌ အခြေချနိုင်ရန် သဘာဝ လမ်းစဉ်က နည်းလမ်း ရှာပေးသည်။

သဘာဝ လမ်းစဉ် ဆိုသည်မှာ အမျိုးမျိုးသော သီအိုရီများကို ရည်ညွှန်းသည်။ သဘာဝ လမ်းစဉ်၏ အဓိက လက္ခဏာရပ်မှာ သုတေသနကို ကမ္ဘာကြီးနှင့် သက်ဆိုင်သော အချက်များအား လက်တွေ့ အကဲဖြတ်ခြင်းအပေါ် အခြေခံရန် ဖြစ်သော်လည်း ထိုအဓိက လက္ခဏာရပ်ကို ဖော်ထုတ်နိုင်သည့် နည်းလမ်း အမျိုးမျိုး ရှိသည်။ အချို့သူများက စံနှုန်း အခြေပြု ဥပဒေ သုတေသန၏ တန်ဖိုးကို သံသယ ဝင်နိုင်သော်လည်း (Holtermann & Madsen 2016) အချို့သူများကမူ အချက်အလက်များအား အကဲဖြတ်ခြင်းက စံနှုန်း အကဲဖြတ်မှုနှင့် ဆက်စပ်နေသည်ဟု ဆိုကြသည် (Del Mar 2016)။ ဥပဒေဆိုင်ရာ လေ့လာရေးသားမှုများ၏ လက္ခဏာများက လက်တွေ့ အလေ့အကျင့်ပိုင်းကို အသားပေးလေ့ ရှိသောကြောင့် ဥပဒေ၏ အတွင်းပိုင်း အမြင်နှင့် ဥပဒေ လေ့လာဆန်းစစ်မှုများ၏ အခန်းကဏ္ဍကို လက်တွေ့ အသုံးချသူများ ငြင်းခုံဆွေးနွေးရန် ချန်ထားပေးသင့်သည်။

[16] For a discussion of this aspect of Kelsen's theory, see Van Klink and Lembcke 2016, pp. 212-214.
[17] Important traditions linking facts and norms in law are hermeneutics (Smith 2011) and interpretivism (Dworkin 1986).

ထိုသို့ လုပ်ဆောင်နိုင်ရန် ဥပဒေပညာရှင် တစ်ဦး အနေဖြင့် စံနှုန်းအရ အကဲဖြတ်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့် သဘာဝလမ်းစဉ်တွင် အချက်အလက်များနှင့် စံနှုန်းများမှာ ဆက်စပ်နေသည်ဟူသည့် လက်တွေ့ဆန်သော သဘောထားကို လေ့လာသွား ပါမည်။[18]

လက်တွေ့ဆန်ခြင်း ရှုထောင့်အရ သဘာဝလမ်းစဉ်မှ ဆင်းသက်လာသည့် အရေးပါသည့် အချက်တစ်ခုမှာ လူသားများသည် မလွှဲမရှောင်သာပင် စံနှုန်း အခြေပြု လူမှု အလေ့အကျင့်များကို လုပ်ဆောင်ကြရမည် ဖြစ်သည် ဟူသည့် အချက်ပင်။ အထူးသဖြင့် လူသားများ၏ ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ချက်များက အကြောင်းအရာတစ်ခုကို ဦးတည်သည့် အလေ့အကျင့်များကို ဖော်ထုတ်ပေးသည်။ ဆိုလိုသည်မှာ စံနှုန်း (သို့) တန်ဖိုးတစ်ခုကို အခြေခံထားသည့် အလေ့အကျင့်မျိုး ဖြစ်သည် (Selznick 2008, pp. 55-56)။ ထိုသဘာဝလမ်းစဉ်၏ လက္ခဏာရပ် တစ်ရပ်မှာ လူသားတို့၏ လူမှုရေးနှင့် ရည်ရွယ်ချက်ထားသည့် သဘောတရားတို့ကြောင့် လူ့ဘဝတွင် စံနှုန်း အခြေပြုသည့် လူမှု အလေ့အကျင့်များ သဘာဝအလျောက် ပေါ်ပေါက်လာသည် (Selznick 2008, p. 41)။[19] ဥပဒေသည် ထိုကဲ့သို့သော စံနှုန်း အခြေခံသည့် လူမှု အလေ့အကျင့် တစ်ခု ဖြစ်ပြီး တန်ဖိုးကို ထည့်သွင်းမစဉ်းစားဘဲနဲ့ ဥပဒေကို နားလည်ဖို့ ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် လူတို့က တန်ဖိုးများကို ရရှိရန် ကြိုးပမ်းခြင်းကြောင့် သဘာဝအလျောက် ထွက်ပေါ်လာသည့် အလေ့အကျင့်ဟူသည့် ပုံစံဖြင့် အချက်အလက်များနှင့် တန်ဖိုးများသည် (စံနှုန်း ပုံစံဖြင့်) ဥပဒေတွင် ဆက်စပ်နေသည်။ သဘာဝ စံနှုန်း အခြေခံ အပြင် အခြား ဆက်စပ်မှု တစ်ခုလည်း ရှိသေးသည်။ စံနှုန်းများသည် အချက်အလက်အပေါ် လူအများ၏ အမြင်ကိုလည်း လွှမ်းမိုးမှု ရှိသည်။ အချက်အလက်ဆိုင်ရာ အကဲဖြတ်မှု အားလုံးမှာ ဘက်လိုက်သည်ဟု ဆိုလိုခြင်းမဟုတ်။ သို့ရာတွင် လက်တွေ့ဆန်ခြင်း ရှုထောင့်မှ အချက်အလက်များကို စူးစမ်းသည့်အခါ ရွေးချယ် လေ့လာခြင်းနှင့် ရည်ရွယ်ချက်ကို အခြေခံခြင်းတို့ မလွှဲမရှောင်သာ ပါဝင်လာသည်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့ အခြေပြု ဖြစ်စေ၊ သိပ္ပံ နည်းကျ ဖြစ်စေ လေ့လာမှု အားလုံးသည် ပြဿနာတစ်ရပ်ကို ဖြေရှင်းရန် ရည်ရွယ်သည်။ အဆိုပါ ရည်ရွယ်ချက်နှင့် နည်းလမ်းကြောင့် လက်တွေ့နှင့် ပညာရပ်ဆိုင်ရာ လေ့လာမှုများမှာ အနည်းငယ်သာ ကွာခြားကြပြီး သီးသန့်စီ ဖြစ်မနေကြပေ (Dewey 1988, p. 174)။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အခြေအနေ တစ်ခု (သို့) အကြံအစည်တစ်ခုကို ပြဿနာရှိသည်ဟု ယူဆသောကြောင့်သာ ထိုပြဿနာနှင့် ယင်း၏ အကျိုးဆက်များမှ ထွက်ပေါ်လာသည့် အခြေအနေများကို ပြန်လည် ပြုပြင်ရန် အချက်အလက်များ ရှာဖွေကြခြင်း ဖြစ်သည်။ သီအိုရီ မူဘောင်ကဲ့သို့ ပြဿနာတစ်ရပ် အပေါ်တွင် ထားရှိသည့် တန်ဖိုးများက လက်တွေ့ လေ့လာမှုအတွက် နောက်ခံ အခြေအနေကို ဖော်ဆောင်ပေးသည်။

ထို့ကြောင့် အချက်အလက်နှင့် စံနှုန်း အခြေပြု ရေးသားလေ့လာမှုများအကြား ဆက်စပ်မှုက နောက်ခံ အခြေအနေအတွက် လိုအပ်သည် (Del Mar 2016, p. 235)။ ကျွန်ုပ်တို့အနေဖြင့် လက်တွေ့ အခြေအနေတွင် တန်ဖိုးများ အကြောင်း မလေ့လာဘဲနှင့် တန်ဖိုးများကို နားလည်နိုင်လိမ့်မည် မဟုတ်ပေ။ ဆိုလိုသည်မှာ တန်ဖိုးများနှင့် သက်ဆိုင်သော အချက်အလက် နောက်ခံများကို နားမလည်ဘဲနှင့် တန်ဖိုးများ အကြောင်းကို နားလည်နိုင်မည် မဟုတ်ပေ။

## ၇။ လူသားဆန်သော သိပ္ပံ၊ စံနှုန်း အခြေပြုရဲခြင်း

[18] လက်တွေ့ရေးရာ ရေးသားမှုများတွင် အချက်အလက်နှင့် တန်ဖိုးဟူ၍ နှစ်မျိုး ကွဲမနေကြောင်း ဆိုကြသည်။ (Putnam 2002). သို့ရာတွင် စံနှုန်းနှင့် တန်ဖိုးတို့မှာ လေ့လာဆန်းစစ်မှုများတွင် သဘောတရား တူညီပြီး စံနှုန်းများမှာ တန်ဖိုးများကို ဖော်ပြခြင်းပင် ဖြစ်သည် (ဆိုလိုသည်မှာ တန်ဖိုးများ ရရှိရန်အတွက် လုပ်ဆောင်သင့်သော စံနှုန်းများ သတ်မှတ်ရန် လိုအပ်သည်)။ ယခုဆောင်းပါးတွင် အချက်အလက်နှင့် စံနှုန်း (သို့) စံနှုန်းအခြေပြုမှုကို အဓိက ခွဲခြား၍ ဆွေးနွေးသွားမည် ဖြစ်ပြီး လိုအပ်ပါက တန်ဖိုးများကိုလည်း ထည့်သွင်း ဆွေးနွေးသွားပါမည်။

[19] ထိုလက်တွေ့ဆန်မှု သဘောတရား ပုံစံသည် ဆင့်ကဲပြောင်းလဲ တွေးခေါ်မှု ပုံစံနှင့် ဆက်စပ်သည်။ Compare De Been 2008, p. 14.

လူမှုရေး သိပ္ပံ ပညာရှင် အများစုအတွက် စံနှုန်းသည် ပညာရပ်တွင် ပြဿနာရှိသည့် အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ ပညာရှင် အများစုက တန်ဖိုးများနှင့် စံနှုန်းများကို အောက်ပါအတိုင်း တစ်နည်းမဟုတ် တစ်နည်း ရှုမြင်သည်။ စံနှုန်းနှင့် တန်ဖိုးများသည် လူမှု ဘဝတွင် ရှိနေသော အရာများ ဖြစ်ပြီး ပြင်ပ အမြင်ဖြင့် (သို့) ပညာရှင်၏ ကိုယ်ပိုင် အမြင်ဖြင့် လေ့လာနိုင်သော အရာများ ဖြစ်သည်။ ကောင်းမွန်သော သုတေသနအတွက် ကြားနေမှု လိုအပ်သည် ဟူသည့်အချက်အပေါ် အလေးထားမှုအား မူတည်၍ သုတေသန ပညာရှင်များက ၎င်းတို့၏ ပြင်ပနှင့် ဓမ္မဓိဋ္ဌာန်ကျ အမြင်များ (ကြားနေမှု) ကို ထိန်းသိမ်းထားမည် ဖြစ်သည်။ (သို့) သုတေသန ရည်မှန်းချက်များနှင့် ရလဒ်များအပေါ် ၎င်းတို့၏ ကိုယ်ပိုင် တန်ဖိုးများက လွှမ်းမိုးမှု (စံနှုန်း အခြေပြုခြင်း) အား လက်ခံလိုက်မည် ဖြစ်သည်။ ဥပဒေ သုတေသနများတွင် ဓမ္မဓိဋ္ဌာန်ကျခြင်းက ဖော်ပြချက်သီးသန့် သုတေသန ရည်မှန်းချက်ကို ထွက်ပေါ်စေသည် (သို့) ဂရုတစိုက် ဖော်ထုတ်ထားသည့် စံနှုန်း မေးခွန်းများနှင့် သက်ဆိုင်သော အဆို ပေါ်ထွက်လာစေသည်။ ဂရုတစိုက် ဖော်ထုတ်ထားသည့် စံနှုန်း မေးခွန်းများနှင့် သက်ဆိုင်သော အဆို ဆိုသည်မှာ သုတေသန ပညာရှင်များက အောက်ပါအတိုင်း ဆိုခြင်း ဖြစ်သည်။ ဥပဒေ စနစ်တစ်ခု၏ အခြေခံ စည်းမျဉ်းက ခွဲခြားဆက်ဆံမှု မရှိခြင်း ဆိုကြပါစို့။ ဤသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (သို့) လူ့အခွင့်အရေး ပဋိညာဉ်များတွင် ပါရှိသည့် အယူအဆတစ်ခုလည်း ဖြစ်သည်။ ရဲများက လူမျိုးအလိုက် ကိုယ်ရေးရာဇဝင်များ ခွဲခြား စုဆောင်းထားခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း ထိုစည်းမျဉ်းကို အခြေခံ၍ အငြင်းအခုံ ပြုနိုင်သည်။ ကြားနေခြင်း ဆိုသည်မှာ စံနှုန်း ဆိုင်ရာ အဆိုအတွက် ပြဋ္ဌာန်းထားသော ဥပဒေကို အသုံးပြုခြင်း ဖြစ်သည်။ ဥပဒေတွင် စံနှုန်း အခြေပြုခြင်း ဆိုသည်မှာ ဥပဒေ၏ အခြေခံ တန်ဖိုးများ ဖော်ထုတ်ပြီး ယင်းတို့အား မိမိကိုယ်ပိုင်အဖြစ် ပြုလုပ်ခြင်း ဖြစ်သည်။ ယခု ဥပမာ အရ ခွဲခြားဆက်ဆံမှု မပြုရေးသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၏ အစိတ်အပိုင်း အဖြစ်သာမကဘဲ သုတေသန ပြုသူ ပုဂ္ဂိုလ်ရေးအရ ယုံကြည်ထားသော တန်ဖိုးများလည်း ဖြစ်ပေသည်။ လူမျိုးအလိုက် ကိုယ်ရေးရာဇဝင်များ ခွဲခြား စုဆောင်းခြင်းက ခွဲခြား ဆက်ဆံမှု ဖြစ်ပြီး ဥပဒေအရ မှားယွင်းသည်၊ အဘယ်ကြောင့် ဆိုသော် ယင်းမှာ စံနှုန်းအရ မှန်ကန်သည့် စည်းမျဉ်း ဖြစ်သော ခွဲခြား ဆက်ဆံမှု မပြုရေးကို ချိုးဖောက်နေသောကြောင့် ဖြစ်ပြီး ယင်းမှာ သုတေသန ပညာရှင် လေ့လာနေသည့် နောက်ခံ အခြေအနေတွင် ဥပဒေ တစ်ခုလည်း ဖြစ်နေသည်။ ကျွန်ုပ်တို့သည့် စံနှုန်း၏ အခန်းကဏ္ဍကို အပြည့်အဝ မရလျှင် လုံးဝ မရခြင်းဟု သဘောထားကြသည်။ လူသားတို့၏ လက်တွေ့ဆန်မှုက ထိုခွဲခြားချက်ကို စိန်ခေါ်နေပြီး ကြားနေ အခြေအနေတစ်ခု ရှိသည့်အပေါ် အာရုံစိုက်လာစေသည်။ ဥပဒေ ပညာရပ်တွင် စံနှုန်းနှင့် တန်ဖိုး အကဲဖြတ်မှုများအတွက် အရေးအပါဆုံး နေရာမှာ Martin Krygier က တန်ဖိုး အခြေပြု အလေ့အကျင့်များကို 'ဓာတ်ခွဲ စမ်းသပ်မှု' ဟု အမည်ပေးထားသည့် အခြေအနေတွင် ဖြစ်သည် (Krygier 2012, pp. 202-204)။ Krygier က Philip Selznick ၏ သုတေသနတွင် လူ့အဖွဲ့အစည်းအတွင်း အချို့သော တန်ဖိုးများ ထွက်ပေါ်လာမှုသည် အမြဲတစေ ဓမ္မဓိဋ္ဌာန်ကျမနေဟု ဆိုခဲ့သည်။ စံနှုန်း သီအိုရီကို အသုံးပြု၍ Selznick က အချို့သော အလေ့အကျင့်များမှ တန်ဖိုးများ အားကောင်းမှုကို အကဲဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းမှာ ဓမ္မဓိဋ္ဌာန် မကျပေ၊ အဘယ်ကြောင့်ဆိုသော် အသုံးပြုသော စံနှုန်း သီအိုရီသည် အချက်အလက် တစ်ခုကို ယူဆထားရုံသာမက သီအိုရီ အခြေပြု အမြင်တစ်ခုအပေါ်တွင် တည်ဆောက်ထားခြင်းကြောင့်ပါ ဖြစ်သည်။ ထို့ကြောင့် တန်ဖိုးများ၏ အားကောင်းမှုက ပညာရှင်က ယင်းတန်ဖိုးများအပေါ် ထားရှိသည့် အမြင်ပေါ်တွင်လည်း မူတည်နေသည်။ သို့ရာတွင် သုတေသနက လူမှု အခြေအနေ တစ်ရပ်ကို အရှိအတိုင်း လေ့လာသည်။ လူမှု အခြေအနေ တစ်ရပ်၏ အချက်အလက်များကို ဂရုတစိုက် လေ့လာခြင်းဖြင့်သာ ကောင်းမွန်သော အကဲဖြတ်မှု ပြုလုပ်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် သုတေသနကို မောင်းနှင်နေသည့် အရာမှာ စံနှုန်းများအပေါ် ပုဂ္ဂလိက အမြင်မဟုတ်ပေ။ ယင်းမှာ လူမှု အလေ့အကျင့်များတွင် တန်ဖိုးများ၏ အခန်းကဏ္ဍအပေါ် ပညာရှင် ရှုထောင့်မှ အကဲဖြတ်ခြင်း ဖြစ်သည်။

ဥပဒေတွင် တန်ဖိုး ထွက်ပေါ်လာမှုကို ဓာတ်ခွဲ ဆန်းစစ်ခြင်းအား Selznick အကြိုက်ဆုံး တန်ဖိုး တစ်ခုဖြစ်သည့် တရားဥပဒေ စိုးမိုးမှု (သို့) ဥပဒေနှင့် စီရင်နိုင်ခြင်းအား အသုံးပြု၍ ဥပမာ ပြပါမည်။ ဥပဒေ အလေ့အကျင့်အပေါ် စံနှုန်းအခြေပြု သီအိုရီအား အခြေခံ၍ Selznick က ကျွန်ုပ်တို့သည် တရားဥပဒေ စိုးမိုးမှုကို 'ပြဋ္ဌာန်းထားသော

ဥပဒေများနှင့် အုပ်ချုပ်ရေးတို့တွင် စိတ်ထင်သလို လုပ်ဆောင်ခြင်းအား တဖြည်းဖြည်း လျှော့ချရန်’ ကတိကဝတ်ဟု နားလည်သင့်ကြောင်း အဆိုပြုသည် (Selznick 1969, p. 18)။ တရားဥပဒေ စိုးမိုးမှု သဘောတရားကို အသုံးပြု၍ ထိုစံနှုန်းကို မပြည့်မီ သော ဥပဒေ စနစ်များအား ဝေဖန်နိုင်သည်။ ဥပမာ ဥပဒေ နယ်ပယ် တစ်ခုတွင် တရားဝင် ဟာကွက် ရှိနေခြင်းအား အတားအဆီး မပြုနိုင်ခြင်းမျိုး ဖြစ်သည်။ ယင်းကို ဥပဒေများအား ဝေဖန်ရန်လည်း အသုံးပြုနိုင်သည်။ ဥပမာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ ခုံရုံးက ပြဋ္ဌာန်းချက် တစ်ခုကို ဖွဲ့စည်းပုံနှင့် မကိုက်ညီဟု ဆုံးဖြတ်လိုက်ခြင်းအား လွှတ်တော်က လိုက်နာရန် ငြင်းဆန်ခြင်း (သို့) လွှတ်တော်က တရားစီရင်ရေး၏ အမှီအခိုကင်း လွတ်လပ်မှုကို ကန့်သတ်ရန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြောင်းလဲခြင်းတို့ ဖြစ်သည်။ ထိုသို့သော အကဲဖြတ်မှုများ၏ ကောင်းကျိုးမှာ ယင်းတို့ကို အခြေခံ ဥပဒေ ပြဋ္ဌာန်းချက်များမှ ကြိုတင် ယူဆထားသော တန်ဖိုးများနှင့် စံနှုန်းများဖြင့် ကန့်သတ်မထားဘဲ ပြဋ္ဌာန်းထားသည့် ဥပဒေဘောင်မှ ကျော်လွန်ပြီး စံနှုန်း သီအိုရီကို အသုံးပြုကာ ဝေဖန်နိုင်ခြင်း ဖြစ်သည်။ စံနှုန်း သီအိုရီမှ အချက်များက ပြဋ္ဌာန်းထားသော ဥပဒေမှ တန်ဖိုးများသာမက ထို့ထက်ကျော်လွန်၍ပါ ကြည့်ရှုနိုင်သည်။

စံနှုန်းများနှင့် တန်ဖိုးများအပေါ် တစ်သီးပုဂ္ဂလ အမြင်များ မထားရှိဘဲ စံနှုန်း ဆိုင်ရာ လေ့လာဆန်းစစ်မှုများ ပြုလုပ်နိုင်မည် မဟုတ်ဟု အချို့က သံသယ ဝင်ကြသည်။ သို့ရာတွင် ကျွန်ုပ်အနေဖြင့်မူ မည်သည့် စံနှုန်း သီအိုရီက အသင့်လျော်ဆုံး ဖြစ်သည့်အပေါ် တစ်သီးပုဂ္ဂလ ယုံကြည်မှုနှင့် ပညာရပ်ဆိုင်ရာ အကဲဖြတ်မှုအကြား မသိမသာ ကွာခြားချက် ရှိသည်ဟု ရှုမြင်သည်။ ပညာရပ်ဆိုင်ရာ တင်ပြမှုကို ငြင်းခုံ ဆွေးနွေးမှုများဖြင့် ထောက်ပံ့ထားရန် လိုအပ်ပြီး အခြားသော ပညာရပ်ဆိုင်ရာ ငြင်းခုံဆွေးနွေးမှုများဖြင့်လည်း ဆန်းစစ်သွားကြလိမ့်မည်။ ထို့ပြင် စံနှုန်းနှင့် တန်ဖိုးများ အရှိနေသည့် အခြေအနေ တစ်ရပ်ကို နားလည်ရန်နှင့် အကဲဖြတ်နိုင်ရန် ပညာရပ်ဆိုင်ရာ တင်ပြမှု တစ်ခု၏ အသုံးဝင်မှုကို စမ်းသပ်နိုင်သည်။ တစ်သီးပုဂ္ဂလ အမြင်များသည် ပညာရပ်ဆိုင်ရာ အကဲဖြတ်မှုများ၏ အစိတ်အပိုင်း တစ်ခု ဖြစ်နိုင်သော်လည်း (သီအိုရီ တစ်ခု (သို့) ယုံကြည်မှု တစ်ခုကို ကိုင်စွဲ၍ ကာကွယ်ရန် ယင်းသီအိုရီ/ယုံကြည်မှုကို လက်ခံထားရန် လိုအပ်ပေမည်) ပညာရပ်ဆိုင်ရာ အကဲဖြတ်မှုကို ငြင်းခုံ ဆွေးနွေးမှုအား အခြေခံ၍ ပြန်လည် ပြင်ဆင်နိုင်သည်။ ထိုငြင်းခုံဆွေးနွေးမှုများသည် စံနှုန်း သီအိုရီ၏ ရှေ့နောက်ညီမှုကို စမ်းစစ်ခြင်းမှသည် လူသားတို့၏ အပြုအမူနှင့် ဖော်ပြချက် သီအိုရီများ၏ ကိုက်ညီမှု၊ လူ့အဖွဲ့အစည်းနှင့် သီအိုရီကို လက်တွေ့တွင် အသုံးချခြင်း၏ ကိုက်ညီမှုများအထိ အမျိုးမျိုး ရှိနိုင်သည်။[20] အပိုင်း (၄) တွင် ဆွေးနွေးခဲ့သော ဒဿနိကဗေဒ ဆိုင်ရာ စံနှုန်း သီအိုရီများကို ထိုယုံကြည်ချက်များအတွက် ကျယ်ပြန့်သော ငြင်းခုံဆွေးနွေးမှုများတွင် အသုံးပြုနိုင်သည်။ သို့ရာတွင် ယင်းသီအိုရီများ ကိုယ်၌ကပင် အငြင်းပွားဖွယ်ရာ ဖြစ်နေနိုင်သည်။ ပညာရှင်၏ စံနှုန်း အခြေပြု အကဲဖြတ်မှု ပေးရန်မှာ သီအိုရီက အကြောင်းတစ်ခုခုကြောင့် အလုပ်မဖြစ်ဟူသည်ကို လက်ခံထားဖို့ လိုအပ်သည်။

## ၈။ နိဂုံးချုပ် မှတ်ချက်

ဥပဒေ၏ လက်တွေ့နှင့် စံနှုန်း အစိတ်အပိုင်းများ အကြား အပြန်အလှန် သက်ရောက်မှု ဆွေးနွေးချက်ကို သီအိုရီနှင့် စံနှုန်း မူဘောင်များအား ဆွေးနွေးမှုများနှင့် ဆက်စပ်လိုက်လျှင် သီအိုရီနှင့် စံနှုန်း မူဘောင်များအကြား ကွာခြားချက်သည် အမြဲလိုပင် ရှင်းရှင်းလင်းလင်း ရှိမနေပေ။ မေးခွန်းများကို ရှင်းလင်းပြခြင်း၊ အကြောင်း၊ အကျိုး ဆက်စပ်မှု ရှာဖွေခြင်း တို့အတွက် မူဘောင်နှင့် အကဲဖြတ်ခြင်း ဆိုင်ရာ မေးခွန်းများ၊ စံနှုန်း အကြံပြုချက်များကို ထောက်ပံ့ပေးသည့် မူဘောင်တို့အကြား ကွာခြားချက်များ ရှိနေသည်။ သို့ရာတွင် တရားမျှတမှုကို ဖော်ပြချက်ဆန်ဆန် တင်ပြမည့် သုတေသန ပညာရှင်များရော စံနှုန်းအရ အကဲဖြတ်မည့် ပညာရှင်များပါ ထိုမူဘောင်နှစ်ခုကို ဆက်စပ်ရန် လိုအပ်သည်။ စံနှုန်း မူဘောင် ကိုယ်၌က ကျိုးကြောင်းပြခြင်း လိုအပ်နိုင်ပြီး ထိုသို့

---

[20] One way of trying to combine all these elements in a broad normative theory is the method of wide reflective equilibrium (Daniels 1996).

ကျိုးကြောင်းပြခြင်းများက လူသားတို့နှင့် လူ့အဖွဲ့အစည်း၏ သဘောတရားကို ရှင်းလင်းပြသည့် သီအိုရီများနှင့် ဆက်စပ်နေနိုင်သည်။ ထို့ပြင် အပိုင်း (၆) တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဥပဒေဆိုင်ရာ တန်ဖိုးများကို ကောင်းစွာ နားလည်နိုင်ရန် ဥပဒေ၏ လက်တွေ့ပိုင်းနှင့် အင်စတီကျူးရှင်း နောက်ခံများကိုလည်း နားလည်ထားရန် လိုအပ်သည်။

စံနှုန်းများကို ထင်ထင်ရှားရှား ဖော်ပြပြီး ဥပဒေအပေါ် စံနှုန်း အကဲဖြတ်မှုများအား ထောက်ပံ့နေသည့် အဆိုများကို အသေးစိတ် လေ့လာခြင်းက ဥပဒေ သုတေသန၏ အရည်အသွေးအတွက် အရေးပါသည်။ သို့ရာတွင် ဥပဒေ ပညာရှင်များသည် ဥပဒေအပေါ် ၎င်းတို့ တင်ပြသည့် လေ့လာဆန်းစစ်ချက်များနှင့် ၎င်းတို့ ဖော်ထုတ်သော အကဲဖြတ်မှုများသည် နီးကပ်စွာ ဆက်စပ်မှု ရှိနေသည်ကို မမေ့လျော့ဖို့ လိုအပ်ပေသည်။